စိတ်ကူးချိုချိုစာပေ



# ကိုယ်တွေ့ အာနုဘော်ကြီးမားသော မဟာပရိတ်တော်များ

ဦးအောင်သိမ်းမြတ်

တတိယအကြိမ်

Photo: PixxlTeufel from Pixabay

mgyoe.com

mgyoe.com

ဤမည်သော ''ကိုယ်တွေ့ အာနုဘော်ကြီးမားသော
မဟာပရိတ်တော်များ'' အမည်ရှိသည့် ကျမ်းငယ်ကို
ပြုစုရာတွင် မျက်မှောက်ထင်ရှား တွေ့မြင်နေကြရသော
လူသားများသည် လောဘတရားနောက်သို့ လိုက်သင့်
သည်ထက် လိုက်ကာ အဝိဇ္ဇာ လောဘဖုံးလွှမ်းနေကြခြင်း၊
ပုထုဇဉ်တို့ဖြစ်မြဲ ဒေါသတရားထက် ပြင်းထန်သော
အဝိဇ္ဇာဒေါသ ကဲမိုးနေခြင်း၊ မောဟတိမ်သလ္လာ ဖုံးအုပ်မှုကို
ခံရသင့်သည်ထက် လွန်ကဲပြင်းပြစွာ ခံစားနေကြရခြင်းနှင့်
ထိုဖော်ပြပါ မီးတောက်မီးလျှံများ ငြိမ်းအေးရာကို ရှာဖွေကြရာတွင်
တောင်တောင်အီအီယောင်တိယောင်နဖြင့် ဖြတ်လမ်းက
လိုက်လိုသော ဆောင်ရွက်မှုများ(ဝါ) လောဘ၊ ဒေါသ၊
မောဟမီးကြီးများ ထပ်မံတောက်ကျွမ်း အားကောင်းစေမည့်
ရွှေငွေဥစ္စာ အစရှိသည်များ နောက်သို့ လိုက်ခြင်းဖြင့်
အေးရာမရောက် ပူရာရောက်စေခြင်း စသည်များကို
တွေ့မြင်ရပေသည်။ထို့ကြောင့် အရိုးကို အရွက်မဖုံးစိမ့်သောငှာ
မသိသူကျော်သွားသိသူဖော်စား ဆိုသကဲ့သို့
အေးရာစစ်မှန် ချမ်းသာစစ် ချမ်းသာမှန်များကို
ပေးစွမ်းနိုင်သည့် အာနုဘော်ကြီးမားသော မဟာပရိတ်တော်များကို
ကိုယ်တွေ့နှင့်ထင်ဟပ် ယှဉ်ကပ်လျက် ဖော်ပြလိုက်ရပါသည်။

# ကိုယ်တွေ့ အာနုဘော်ကြီးမားသော မဟာပရိတ်တော်များ

ဦးအောင်သိမ်းမြတ်

ISBN 9789997119384
SPK32
9 789997 119384
3,200.00KS

mgyoe.com

ကိုယ်တွေ့အာနုဘော် ကြီးမားသော မဟာပရိတ်တော်များ၊ ဦးအောင်သိမ်းမြတ်
စာမျက်နှာ ၂၀၄ + မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
(ပထမအကြိမ် - ၁၉၇၇)
၂၀၁၄ ပုဂံစာအုပ်တိုက်၏ ဒုတိယအကြိမ်မှ

ရောင်းဈေး ၃ ၂ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


ရတနာသုံးပါး ရှိခိုးခြင်း ၁

– ခန္ဓပရိတ် အာနုဘော် (ကိုယ်တွေ့) ၃

ခန္ဓသုတ် ပရိတ်ပါဠိတော် ၉

ခန္ဓသုတ်ပရိတ် ပါဠိတော် မြန်မာပြန် ၁၁

– မောရပရိတ် အာနုဘော် (ကိုယ်တွေ့) ၁၅

မောရသုတ် ပရိတ်ပါဠိတော် ၂၃

မောရသုတ်ပရိတ် ပါဠိတော် မြန်မာပြန် ၂၅

– ဝဋ္ဋပရိတ် အာနုဘော် (ပြန်လည် တင်ပြချက်) ၃၂

ဝဋ္ဋသုတ် ပရိတ်ပါဠိတော် ၄၀

ဝဋ္ဋသုတ်ပရိတ် ပါဠိတော် မြန်မာပြန် ၄၃

– ငါးရံ့မင်းပရိတ် အာနုဘော် (ပြန်လည်တင်ပြချက်) ၄၇

ငါးရံ့မင်း ပရိတ်ပါဠိတော် ၅၁

ငါးရံ့မင်းပရိတ် ပါဠိတော် မြန်မာပြန် ၅၄

– နမက္ကာရသုတ် အာနုဘော် (ပြန်လည် တင်ပြချက်) ၆၂


mgyoe.com

mgyoe.com


| | |
|---|---|
| နမက္ကာရသုတ် ပါဠိတော် | ၇၅ |
| နမက္ကာရသုတ်တော် မြန်မာပြန် | ၈၂ |
| စိန္တကျော်သူ ဦးသြ၏ အနက်ထူး | ၉၆ |
| တွံတေးဆရာတော် နမက္ကာရပါဌ်နိဿယ | ၁၀၀ |
| ကျိုးသဲ နမက္ကာရကြီး | ၁၃၆ |
| ပကိဏ္ဏက နမက္ကာရကြီး ဘုရားရှိခိုး | ၁၃၈ |
| – မေတ္တာပရိတ် အာနုဘော် (ကိုယ်တွေ့) | ၁၄၉ |
| မေတ္တာသုတ်ပရိတ် ပါဠိတော် | ၁၅၅ |
| မေတ္တာသုတ်ပရိတ် ပါဠိတော် မြန်မာပြန် | ၁၅၈ |
| – ရတနသုတ်ပရိတ် အာနုဘော် (အစဉ်အလာတင်ပြချက်) | ၁၆၆ |
| ရတနသုတ်ပရိတ် ပါဠိတော် | ၁၇၆ |
| ရတနသုတ်ပရိတ် ပါဠိတော် မြန်မာပြန် | ၁၈၁ |
| – ဇင်းမယ်ပရိတ်တော်ကြီး ပါဠိတော် | ၁၉၆ |
| ဇင်းမယ်ပရိတ်တော်ကြီး ပါဠိတော် မြန်မာပြန် | ၂၀၁ |
| – ကျမ်းပြီး ဆုတောင်း | ၂၀၄ |


❑

mgyoe.com

mgyoe.com

# ကိုယ်တွေ့အာနုဘော်ကြီးမားသော မဟာပရိတ်တော်များ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ရတနာသုံးပါး ရှိခိုးခြင်း

မြတ်စွာဘုရားအားလည်းကောင်း၊
မြတ်စွာဘုရား၏ တရားတော်များကိုလည်းကောင်း၊
သံဃာတော် အရှင်မြတ်တို့ကိုလည်းကောင်း၊
ကျေးဇူးတော်ရှင် မိခင်၊ ဖခင်တို့ကိုလည်းကောင်း၊
ကြားဆရာ မြင်ဆရာ သင်ဆရာတို့ကိုလည်းကောင်း၊
ကံသုံးပါးဖြင့် ရိုသေစွာ ရှိခိုးပါ၏။
ရှိခိုးပြီး၍

ကျွန်ုပ်သည် ဤမည်သော "ကိုယ်တွေ့*အာနုဘော်ကြီးမားသော မဟာပရိတ်တော်များ" အမည်ရှိသည့် ကျမ်းငယ်ကို ပြုစုရာတွင် မျက်မှောက်ထင်ရှား တွေ့မြင်နေကြရသော လူသားများသည် လောဘ တရားနောက်သို့ လိုက်သင့်သည်ထက် လိုက်ကာ အဝိဇ္ဇာ လောဘ

---

* အာနုဘော် အာနုဘာဝ (ပါဠိသက်) မိမိကိန်းရာသတ္တဝါကို အဖန်ဖန်တိုးပွားစေတတ်သောတရား၊ အစွမ်းသတ္တိ၊ တန်ခိုး

mgyoe.com

mgyoe.com

ဖုံးလွှမ်းနေကြခြင်း၊ ပုထုဇဉ်တို့ဖြစ်မြဲ ဒေါသတရားထက် ပြင်းထန်သော အဝိဇ္ဇာ ဒေါသကဲမိုးနေခြင်း၊ မောဟတိမ်သလ္လာ ဖုံးအုပ်မှုကို ခံရသင့်သည်ထက် လွန်ကဲပြင်းပြစွာ ခံစားနေကြရခြင်းနှင့် ထိုဖော်ပြပါ မီးတောက်မီးလျှံများ ငြိမ်းအေးရာကို ရှာဖွေကြရာတွင် တောင်တောင်ညြိညြိ ယောင်တိယောင်နဖြင့် ဖြတ်လမ်းက လိုက်လိုသော ဆောင်ရွက်မှုများ (ဝါ) လောဘ၊ ဒေါသ၊ မောဟမီးကြီးများ ထပ်မံတောက်ကျွမ်း အားကောင်းစေမည့် ရွှေငွေဥစ္စာ အစရှိသည်များ နောက်သို့ လိုက်ခြင်းဖြင့် အေးရာမရောက် ပူရာရောက်စေခြင်း စသည်များကို တွေ့မြင်ရပေသည်။

ထို့ကြောင့် အရိုးကို အရွက်မဖုံးစိမ့်သောငှာ မသိသူကျော်သွား သိသူဖော်စား ဆိုသကဲ့သို့ အေးရာစစ်မှန် ချမ်းသာစစ် ချမ်းသာမှန်များကို ပေးစွမ်းနိုင်သည့် အာနုဘော်ကြီးမားသော မဟာပရိတ်တော်များကို ကိုယ်တွေ့နှင့် ထင်ဟပ်ယှဉ်ကပ်လျက် ဖော်ပြလိုက်ရပါသည်။

**ကျမ်းပြုသူ**

□

mgyoe.com

mgyoe.com

# ခန္ဓပရိတ် အာနုဘော်

## (ကိုယ်တွေ့)

ကျွန်ုပ်သည် ၁၉၆၂ ခုနှစ် ဇန်နဝါရီလလောက်တွင် ရန်ကုန်အနီးရှိ မြို့သစ်တစ်မြို့သို့ ပြောင်းရွှေ့ အခြေချနေထိုင်ခဲ့ပါသည်။ ကျွန်ုပ်၏ အိမ်မြေယာမှာ အလျား ပေ ၆၀၊ အနံ ပေ ၄၀ ကျယ်ဝန်းပါသည်။

ကျဉ်းမြောင်း ပိတ်ဆို့နေသော ရန်ကုန်မြို့တွင်းမှ ပြောင်းရွှေ့လာခဲ့ရသူဖြစ်သဖြင့် အပြန့်ကျယ်ဝန်းသော အိမ်နေရာမြေကွက်ကလေးတွင် နေထိုင်ရန် အခွင့်ရရှိချိန်တွင် အလွန် ဝမ်းသာကြည်နူးသည်နှင့်အမျှ ခြံစည်းရိုးကို ပုဏ္ဏရိက်ပင်များ ဖြည့်စွက်မွမ်းမံ၍ အခြားနေရာများတွင် သရက်၊ သဘော်၊ ပိန္နဲ၊ မာလကာ၊ ပုန်းညက်၊ ရဲယို၊ ငှက်ပျော၊ စံပယ်၊ ဒူးရင်း၊ ဒူးရင်းသြဇာပင်များ၊ အုန်းပင်များ ချထားစိုက်ပျိုးကာ ရေမပြတ် တရစပ်လောင်းသဖြင့် ငွားစွင့်ကြွားဝင့်သော အပင်များဖြင့် ကျွန်ုပ် အိမ်ဝိုင်းမှာ ကြည်နူးစရာကောင်းလာပါသည်။

မေလသို့ ရောက်သောအခါ မိုးရိပ်မိုးနံ့ကလေးများ ရလာသည့်အတွက် ပင်ပန်းကြီးစွာ ရေလောင်းရသည့်ဒုက္ခမှ ယာယီအားဖြင့်

mgyoe.com

mgyoe.com

ကင်းဝေးတော့မည်ဟု မျှော်လင့်နေပါသည်။ သို့ရာတွင် မိုးဖြိုင်ဖြိုင် ကျသော ဇွန်၊ ဇူလိုင်၊ ဩဂုတ်လနှင့် စက်တင်ဘာလတွင် ကျွန်ုပ်မှာ ရင်ကျိုးရပါတော့၏။

အဘယ်ကြောင့်ဆိုသော် တစ်ဆောင်းလုံး တစ်နွေလုံး နှစ်သက် ဖွယ်ရာ လှပပြန့်ပြူးခဲ့သော ခြံဝင်းမြေအပြင်ကို ရက်ရှည်လများ မိုးရေဒီရေ နှစ်ထွေသော ရေများ ဖုံးလွှမ်းထားသဖြင့် ကျွန်ုပ် ယုယပြုစု ခဲ့သော အပင်အားလုံး သေကုန်သောကြောင့် ဖြစ်ပါသည်။

တစ်အိမ်လုံးတွင် ရေတွေ ပင်လယ်ဝေရုံမက သစ်ပင်များပါ သေကုန်၍ စိတ်ပင်ပန်းနေချိန်တွင် မြွေပူရာတွင် ကင်းမှောင့်ဟူသကဲ့သို့ ရှိရှိသမျှ ကုန်းမြေများကို ရေဖုံးသဖြင့် ခိုမှီတွယ်ကပ်စရာ လိုက်လံရှာဖွေ ကြကုန်သော ပုရွက်ဆိတ်အမျိုးမျိုး၊ ကရင်နီကောင်အမျိုးမျိုး၊ ကင်း အမျိုးမျိုးနှင့် မြွေအမျိုးမျိုးတို့သည် ကျွန်ုပ်၏ အိမ်ကလေးကို သူတို့ ပျော်စံရာအမှတ်ဖြင့် စုပြုံတက်လာကြလေ၏။

ကျွန်ုပ်မှာ ကျန်းမာရေးညံ့ဖျင်းသော မွေးကင်းစ ကလေးငယ် ကလေး ရှိနေရာ ကလေးကို အန္တရာယ်ပြုမည်စိုးသောကြောင့် ပုရွက်မျိုး များကို ရေနံဆီဖျန်းပြီး သတ်သလို၊ ကင်းနှင့်မြွေများကိုလည်း တွေ့ရာ သင်္ချိုင်းစားမဆိုင်းသလို ငါးနှစ်ရွယ်နှင့်သုံးနှစ်ရွယ် သားနှစ်ဦး၏ အကူအညီဖြင့် သတ်ပစ်ပါသည်။

မည်သို့ပင် သတ်စေကာမူ ကင်းနှင့်မြွေကား လျော့ပါးမသွားပါ။ လာမြဲလာနေကြသည်။ တက်မြဲတက်နေကြသည်။

ဤမျှမပြီးသေးပါ။ အိပ်ရာထဲတွင် မြွေများ ကင်းများကို မကြာခဏတွေ့ရသလို သေတ္တာအောက်၊ အိုးခွက်ကြား၊ စာအုပ် စာတမ်းများ ကြားထဲတွင်လည်း ကင်းများ မြွေများကို အဆက်မပြတ် တွေ့နေပြီး အဆက်မပြတ် သတ်ပစ်နေပါသည်။ ဤလိုနှင့် တစ်မိုးကုန် သွားပါတော့သည်။

mgyoe.com

မိုးကုန်လျှင်ကုန်ချင်း ခြံဝင်းတစ်ခုလုံးနှင့် အိမ်အောက်ပါမကျန် မြေဖို့ပစ်ပြီးလျှင် သစ်ပင်ပန်းပင်များကို ကျွန်ုပ် စိုက်ပျိုးပါသည်။ သည်လိုနှင့် နောက်တစ်မိုး ကျရောက်လာပြန်ရာ ပိုးကောင် မွှားကောင်နှင့် အဆိပ်ရှိသော အကောင်များ တက်မြဲတက်၍ ကျွန်ုပ်တို့ သားအဖ တစ်တွေမှာလည်း မြွေမုဆိုး၊ ကင်းမုဆိုး အလုပ်ကို ပြန်လုပ်ကြရ ပြန်လေ၏။

ခိုကိုးစရာ ကုန်းမြေရှိပြီးဖြစ်ပါလျက် အိမ်ပေါ်တွင် အထူးသဖြင့် "ကင်းခြေများ" ခေါ် ကင်းတို့ ရောက်လာခိုအောင်းမှုမှာ ပိုမိုဆိုးဝါး လာပါသည်။

ထိုအတောအတွင်း တစ်ခုသော ခြေခင်းလက်ခင်းသာသည့် ညနေပိုင်းတွင် ကိစ္စကြီးတစ်ရပ် ဖြစ်ပွားခဲ့လေ၏။

ထိုညနေက ကျွန်ုပ်သည် အိမ်ရှေ့၌ ရှိနေစဉ် နောက်ဖေးဘက်မှ မြေကြီးကို ပြင်းထန်စွာ ဆောင့်ကန်သံများ ကြားရပါသည်။ ကျွန်ုပ် သည် ခြေရင်းတံခါးသို့ ပြေးသွားကာ အသံလာရာဘက်သို့ လှမ်းကြည့် လိုက်သောအခါ အဝတ်တန်းတစ်ခုအောက်တွင် ခြေထောက်များ လှုပ်ရှားနေသော ကျွန်ုပ်၏ ခြေထောက်ကြားမှ မြွေတစ်ကောင် ပြေးထွက်၍ အနီးရှိ မြေပပ်ကြားအက်ထဲသို့ ဝင်သွားသည်ကို မြင်လိုက် ရသည်။

စင်စစ်အားဖြင့် ကျွန်ုပ်၏ ဇနီးမှာ ခြေထောက်ကို အမှိုက်စ တစ်စ အဝတ်စုတ်တစ်ခုနှင့် လာငြိသည်။ အဝတ် သို့မဟုတ် အမှိုက်တွင် ပုရွက်ဆိတ်ပါလာပြီး ကိုက်ခဲခံရသည်ထင်ပြီး ငုံ့မကြည့်ဘဲ ခြေထောက်ကို ဆောင့်ခါပစ်လိုက်ခြင်းသာ ဖြစ်၏။ ငုံ့မကြည့်သဖြင့် မြွေကိုက်ခံရ သည်ကိုပင် မသိလိုက်ပါ။ ကျွန်ုပ်သာ ထွက်မကြည့်မိလျှင် မည်ကဲ့သို့သော အခြေအနေဆိုးများ ဆက်လက်ဖြစ်ပွားလာမည် မသိပေ။

မြွေတစ်ကောင် ပြေးဝင်သွားသည်ကို မြင်ကြောင်း ကျွန်ုပ်

mgame.com

mgyoe.com

ပြောမှသာ ဇနီးသည်မှာ သူ မြွေကိုက်ခံရကြောင်း သိပါတော့သည်။ ထိုအခါတွင် နီးရာဆေးပေးခန်းသို့ ပြေးပြီး ဆေးထိုးရာ မြွေဆိုး မြွေကောင်း မသိလိုက်လျှင် ဆေးရုံသို့ သွားခြင်းသာလျှင် အကောင်းဆုံးဖြစ်ကြောင်း အကြံပေးပါသည်။

သုံးလသားသာသာ နို့စို့ကလေးငယ်ကို ထားပစ်ခဲ့ကာ ဇနီးသည်မှာ ဆေးရုံတက်ပြီး ဆေးဝါးကုသမှုခံယူရရာ တစ်ပတ်တိတိကြာညောင်းခဲ့ပေ၏။

ယင်းကိစ္စတွင် အလွန်ရှင်းပြောင်နေသော မြေပြင်၌ ခိုအောင်းစရာ မြက်ပင်နှင့် အမှိုက်မရှိသောအခါ ကြုံကြိုဖန်ဖန် မြေပပ်ကြားထဲမှ ထွက်ကိုက်သော မြွေ၏ ထူးဆန်းမှုကို သတိပြုမိပါသည်။

တစ်ညတွင် အိမ်ရှင်မက "ထပါဦး ထပါဦး" ခေါ်သဖြင့် ထကြည့်ရာ တစ်စုံတစ်ရာကို အနီးဖြင့် အုပ်ထားသော အိမ်ရှင်မကို ကလေးငယ်ကလေး၏ ဘေးနားတွင် တွေ့ရပေ၏။

အနီးကို ယူလာပြီး ကြမ်းပြင်ပေါ် ပစ်ချလိုက်သောအခါ လက်မဝက်ခန့်တုတ်၍ ခြောက်လက်မခန့်ရှည်သော ကင်းတစ်ကောင်ကို တွေ့ရသဖြင့် ဖနောင့်ဖြင့် ပေါက်ကာ သတ်ပစ်လိုက်ရပါတော့သည်။ နောက်တစ်နေ့တွင် တစ်အိမ်လုံး၌ ဖျာများလှန်၊ သေတ္တာတွေရွှေ့ဖွင့်စသည်ဖြင့် ရှင်းလင်းရာ၊ ဤသတ်နေသည့်ကြားကပင် ခိုဖြစ်အောင် ခိုအောင်းနေသော ကင်းများကို တွေ့ရပြီး သတ်ပစ်ရပြန်လေသည်။

တစ်အိမ်လုံးကို ရှင်းလင်းထားသဖြင့် မည်သည့်နည်းနှင့်မျှ ကင်းရှိတော့မည် မထင်သော်လည်း သန်းခေါင်ကျော်ခန့်တွင် အိမ်ရှင်မက နှိုးပြန်ပါတော့သည်။ ကျွန်ုပ် ထကြည့်သောအခါ အိမ်ရှင်မ၏ ဆံပင်ထွေးထဲတွင် ငါးလက်မခန့် ရှည်လျားသော ကင်းတစ်ကောင် ထွေးရစ်နေသည်ကို တွေ့ရသဖြင့် ညှပ်နှင့်ယူပြီး လွှတ်ပစ်လိုက်ပါသည်။

ဤမျှ အရှုးအမူး သတ်ဖြတ်သုတ်သင်နေသော ကျွန်ုပ်သည်

mgyoe.com

mgyoe.com

ထိုကင်းခြေများကို အဘယ်ကြောင့် သတ်ဖြတ်ပစ်ခြင်း မပြုပါသနည်း။

ကျွန်ုပ်၏ ခေါင်းထဲတွင် အတွေးတစ်စု ဝင်လာသည့်အတွက် ဖြစ်ပေ၏။ ကျွန်ုပ်၏ အတွေးကား

"ကြည့်စမ်း၊ ငါ ဒါလောက် ပတ်ကြမ်းတိုက်ပြီး သုတ်သင်နေတဲ့ကြားထဲက ကင်းတွေဟာ လျော့မသွားဘဲ တိုးလာတယ်။ ခိုစရာအောင်းစရာ နေရာတွေ အများကြီးရှိရဲ့သားနဲ့ ကလေးအနှီးခေါက်ထဲဝင်လာတာ၊ ဆံပင်ထဲ ဝင်လာတာ ဘာသဘောလဲ၊ ငါ သူတို့ကို ဒီပုံဒီနည်းနဲ့ အကြမ်းဖက်လို့ မဖြစ်တော့ဘူး"

ကျွန်ုပ်သည် ရတနာသုံးပါးနှင့်လည်း ဝေးကွာသူမဟုတ်ပါ။ ရဟန်းသံဃာများ၏ အရိပ်ကို ခိုလှုံကာ ၎င်းတို့၏ အဆုံးအမကိုလည်း ခံယူခဲ့ဖူးသည်။ လောကုတ္တရာနှင့် စပ်လျဉ်းသော သုတ၊ မုတများလည်း ရှိသည်။ လောကုတ္တရာ စာပေများကိုလည်း ဖတ်ရှုလေ့လာဖူးသည်။

သို့ကြောင့် အကြမ်းဖြင့် နှင်၍မရလျှင် အနုနည်းဖြင့် နှင်နိုင်၊ ကာကွယ်နိုင်သော မေတ္တာနည်း၊ တရားနည်းကို ကြားနာသိရှိဖူးသဖြင့် ယင်းအချက်ကို ကွက်ခနဲ သတိရလိုက်သောကြောင့် ထိုကင်းကို မသတ်ဘဲ လွှတ်လိုက်ခြင်း ဖြစ်ပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် နောက်တစ်နေ့တွင် "ပရိတ်ကြီးစာအုပ်" ကို အိမ်တွင်းအနှံ့ လိုက်လံရှာဖွေပါတော့သည်။ သို့သော် သီးသန့်ပရိတ်ကြီးစာအုပ်ကို မတွေ့ပါ။ "ဆယ်စောင်တွဲ" စာအုပ်သာ ရှာတွေ့သဖြင့် ပရိတ်ကြီးများကို တစ်သုတ်ပြီးတစ်သုတ် ဖတ်ရှုကြည့်လိုက်သောအခါ "ခန္ဓသုတ် ပရိတ်တော်" ကို တွေ့ရှိပါသည်။

ကျွန်ုပ်သည် သားကြီးအား ခန္ဓသုတ်ပရိတ်တော်၏ အဓိပ္ပာယ်ကို ရှင်းပြပြီး ခန္ဓသုတ်ကို အကျက်ခိုင်းပါသည်။ သူ ဖတ်တတ်စေရန် ဆယ်ခေါက်ခန့်ချပေးပြီးမှ တစ်ရက်လျှင် တစ်ပုဒ်ကျ ကျက်ခိုင်းခြင်း ဖြစ်ပေသည်။

mgyoe.com

mgyoe.com

ထိုအချိန်မှစ၍ သားကြီး ညအိပ်ရာဝင် ဘုရားဝတ်ပြုအပြီးတွင် ရသမျှ မှတ်မိသမျှ ခန္ဓသုတ်ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်စေပါသည်။

ဤသို့ဖြင့် ခန္ဓသုတ် ရှစ်ပုဒ်လုံး ရချိန်မှစ၍ ညစဉ် ရွတ်ဆိုစေပါသည်။

ဒုတိယမိုးသည် ကုန်ဆုံးသွားခဲ့ပြန်၏။

ယခင်က ကျွန်ုပ်၏ အိပ်စင်တစ်ခုတည်းသာ ကုန်းခေါင်ခေါင်ဖြစ်ခဲ့ရာက ဤဆောင်းနှင့် ဤနွေတွင်မူ အခြား အိမ်များကလည်း မြေဖို့ကြပါသည်။ သို့ရာတွင် မိုးရာသီသို့ ရောက်သောအခါ အခြားအိမ်များတွင် မြွေမောင်းရ၊ ကင်းဖမ်းရနှင့် အလုပ်ရှုပ်ကြသော်လည်း ကျွန်ုပ်အိမ်တွင်မူ အလွန်အမင်း သောင်းကျန်းခဲ့သော ကင်းခြေများများကို အိမ်ဝင်းတွင်း ထင်းပုံ အမှိုက်ပုံများတွင်ပင် တစ်ကောင်တလေမျှသာ ရှားပါးစွာ တွေ့ရပြီး အိမ်ပေါ်တွင်မူ လုံးဝ မတွေ့ရသလောက်ဖြစ်သွားပါတော့သည်။

ခန္ဓသုတ်ပရိတ်တော်ကို ပရိတ်ကြီး ၁၁ သုတ်ရှိသည်ဟူ၍ ကြားဖူးသူတိုင်း၊ သိဖူးသူတိုင်း ကြားဖူးသိဖူးကြမည် ဖြစ်ပါသည်။ သို့ရာတွင် ထုတ်ဖော်ချီးပမှုများ နည်းပါးနေသေး၍ တစ်ကြောင်း၊ အကြောင်းတိုက်ဆိုင်၍ တစ်ကြောင်းတို့ကြောင့် ဖော်ပြလိုက်ရပါသည်။

❑

mgyoe.com

mgyoe.com

# ခန္ဓသုတ် ပရိတ်ပါဠိတော်

(က) သဗ္ဗာသီဝိသ ဇာတီနံ၊
ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊
သေသဉ္စာပိ ပရိဿယံ။ ။

(ခ) အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။ ။

(၁) ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။ ။

(၂) အပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊
မေတ္တံ ဗဟုပ္ပဒေဟိ မေ။ ။

mgyoe.com

mgyoe.com

(၃) မာ မံ အ ပါဒကော ဟိံသိ၊
မာ မံ ဟိံ သိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊
မာ မံ ဟိံသိ ဗဟုပ္ပဒေါ။ ။

(၄) သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာစ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကိဉ္စိ ပါပ မာဂမာ။ ။

(၅) အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊
ပမာဏ ဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊
ဥဏ္ဏာနာဘီ သရဗူ မူသိကာ။ ။

(၆) ကတာ မေ ရက္ခာ ကတာ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။ ။

❑

mgyoe.com

mgyoe.com

## စန္ဒသုတ်ပရိတ် ပါဠိတော် မြန်မာပြန်

ပရိတ်တော်များ ရွတ်ဖတ်ကြရာတွင်

(၁) မိမိ ရွတ်ဖတ်သော ပရိတ်တော်ကို ယုံကြည်ခြင်း၊

(၂) ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို သိခြင်းနှင့်

(၃) ရွတ်ဖတ်သူ၏ စိတ်မနောစင်ကြယ်ခြင်း ဟူ၍

အချက်သုံးချက်ရှိရာ

**ယုံကြည်ခြင်း** အတွက် အထူးပြောရန်မရှိပေ။ မယုံကြည်သော အလုပ်ကို လုပ်ခြင်းဖြင့် မိမိတွင်လည်း အကျိုးမရှိ၊ သူတစ်ပါး အတွက်လည်း အကျိုးမရှိသည့်ပြင် မိမိမှာ ပင်ပန်းခြင်းသာ အဖတ်တင်ရပေမည်။ ထို့ကြောင့် ရတနာသုံးပါး၌ ယုံကြည်ခြင်း အရင်းခံ၍ မိမိ ရွတ်ဖတ်မည့် ပရိတ်တော်ကိုလည်း လေးမြတ် ယုံကြည်ရန်မှာ အထူးချဲ့ထွင်နေရန် မလိုချေ။

**ရွတ်ဖတ်သူ၏ စင်ကြယ်ခြင်း** ဟူသည်ကား အဇ္ဈတ္တသန္တာန်၏ စင်ကြယ်ခြင်း (ဝါ) အတွင်းစိတ်၏ ကြည်လင်သန့်ရှင်းခြင်း ဖြစ်ပါသည်။ မနော၏ အပှတ်အမှန် စင်ကြယ်ခြင်းကား အလွန်ခဲယဉ်းသော အလုပ်

mgyoe.com

mgyoe.com

ဖြစ်ရကား အနည်းငယ်စင်ကြယ်ရုံ၊ အနည်းငယ် သန့်ရှင်းရုံပင် ဖြစ်ဦးတော့၊ လုံး၀ ညစ်ကျုနေခြင်းနှင့် နှိုင်းစာသော် တော်ပေသည်ဆိုရမည်ဖြစ်သဖြင့် အနည်းဆုံး ငါးပါးသီလ ခံယူခြင်းဖြင့် သန့်ရှင်းကြည်လင်စင်ကြယ်သောစိတ် ရှိရပေလိမ့်မည်။

မိမိ ရွတ်ဖတ်သော ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို သိသောကြောင့် သဒ္ဓါအား ထက်သန်လာခြင်း၊ ကြည်ညိုပီတိဖြစ်ခြင်းစသော ကုသိုလ်ကောင်းမှုများလည်း ရနိုင်သည့်အပြင် အနက်အဓိပ္ပာယ်မသိဘဲ ရွတ်ဆိုခြင်းထက် ပိုမိုထူးကဲသော အာနိသင်ကို ရရှိခံစားနိုင်သည့်အတွက် ခန္ဓသုတ်ပရိတ်တော် မြန်မာပြန်ကို စကားပြေသက်သက်ကိုသာ ဖော်ပြလိုက်ပါသည်။

(က–ခ) နတ်၏ မန္တရား နတ်ဆေး၀ါးသည် လျင်မြန်သော အဆိပ်ရှိသည်။ မြွေခပ်သိမ်းတို့၏ ပြင်းသောအဆိပ်ကို ဖျက်ဆီးသကဲ့သို့ ထို့အတူ ခန္ဓသုတ် ပရိတ်တော်သည် အလုံးစုံသော အာဏာတော် ဖြန့်ရာဖြစ်သည့်ကုဋေတစ်သိန်း၌ တည်သော ခပ်သိမ်းသော သတ္တ၀ါတို့၏ အဆိပ်ကိုလည်းကောင်း၊ အကြွင်းမရှိသော ဘေးရန်ကို လည်းကောင်း ခပ်သိမ်းသော ကာလ၌ ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း တားမြစ်တတ်၏။ ထိုခန္ဓသုတ်ပရိတ်တော်ကို အိုသူတော်ကောင်းတို့ ငါတို့သည် ရွတ်ကြကုန်အံ့။

(၁) ဝိရူပက္ခနဂါးမင်းတို့နှင့်တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ ဧရာပထ နဂါးမင်းတို့နှင့်တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ ဆဗျာပုတ္တနဂါးမင်းတို့နှင့်တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ ကဏှာဂေါတမ နဂါးမင်းတို့နှင့်တကွလည်း ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။

(၂) ခြေ (ခြေထောက်) မရှိသော သတ္တ၀ါတို့နှင့်တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ ခြေနှစ်ချောင်းရှိသော သတ္တ၀ါတို့နှင့်

mgyoe.com

တကွ ငါ၏ချစ်ခြင်းသည် ဖြစ်စေသတည်း။ ခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်တကွ ငါ၏ချစ်ခြင်းသည် ဖြစ်စေသတည်း။ များစွာသောခြေ ရှိကုန်သော သတ္တဝါတို့နှင့်တကွ ငါ၏ချစ်ခြင်းသည် ဖြစ်ပါစေသတည်း။

(၃) ခြေမရှိသောသတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း။ ခြေနှစ်ချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း။ ခြေလေးချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း။ များစွာသောခြေရှိသည့် သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း။

(၄) အကြွင်းမရှိကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော ထွက်သက် ဝင်သက်ရှိသည့် သတ္တဝါတို့သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော ထင်ရှားရှိသော သတ္တဝါတို့သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ကောင်းသောအာရုံတို့ကို မြင်စေသတည်း။ တစ်စုံတစ်ယောက်သော သူကို မကောင်းကျိုးသက်ရောက်ခြင်းမရှိစေသတည်း။

(၅) မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်သည် အတိုင်းအရှည်မရှိ။ တရားတော်၏ ဂုဏ်ကျေးဇူးတော်သည် အတိုင်းအရှည်မရှိ။ သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်သည် အတိုင်းအရှည်မရှိ။ မြွေသည်လည်းကောင်း၊ ကင်းမြီးကောက်သည်လည်းကောင်း၊ ကင်းခြေများသည်လည်းကောင်း၊ ပင့်ကူသည်လည်းကောင်း၊ တက်တူသည်လည်းကောင်း၊ ကြွက်သည်လည်းကောင်း၊ ကိုယ်ဖြင့်သွားတတ်ကုန်သော ဤသတ္တဝါတို့သည် အတိုင်းအရှည်ကို ပြုတတ်ကုန်သော ကိလေသာရှိကုန်၏။

(၆) ငါသည် အစောင့်အရှောက်ကို ပြုအပ်ပြီ။ အရံအတားကို ပြုအပ်ပြီ။ ရန်သူဖြစ်သော သတ္တဝါတို့သည် ဖဲကြဉ်စေကုန်သတည်း။ ထိုငါသည် မြတ်စွာဘုရားအား ရှိခိုးပါ၏။ ခုနစ်ဆူကုန်သော ဝိပဿီ

mgyne.com

အစရှိကုန်သော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတို့အား ရှိခိုးပါ၏။

ဤသို့ မြန်မာပြန်လျှင် အဓိပ္ပာယ်ရှိသော ခန္ဓသုတ်ပရိတ်တော်၏ မြန်မာပြန်အဓိပ္ပာယ်ကို ကျေညက်စွာ နားလည် မှတ်မိအောင် လေ့လာပြီးနောက်တွင် မြန်မာပြန်သက်သက်ချည်းဖြစ်စေ၊ ပါဠိစာသားသက်သက်ပင်ဖြစ်စေ၊ လေးမြတ်ယုံကြည်စွာ ရွတ်ဖတ်ကြလျှင် ဤကျမ်းပြုစုသူ ကျွန်ုပ်နည်းတူ ဒိဋ္ဌဓမ္မအကျိုး ခံစားကြရပါလိမ့်မည်။

သို့သော် တစ်ခုကား ဆိုစရာရှိပါသည်။

ယခု ကျွန်ုပ်ဖော်ပြထားသည်မှာ ပါဠိသက်သက်ချည်းနှင့် မြန်မာပြန်သက်သက်ချည်း ဖြစ်နေသဖြင့် အများမြင်နေကျဖြစ်သော ပါဠိ+အနက်တွဲ စကားအပြင်လောက် ရွတ်ရဖတ်ရရာတွင် ဘဝင်မကျ၊ အားမရ ဖြစ်နေပါမူ ပါဠိ+အနက် တွဲယှဉ်ဖော်ပြထားသော အခြားစာအုပ်များမှ ယူ၍လည်း ဖတ်ရှုကျက်မှတ်နိုင်ကြပါသည်။ ကာယကံရှင်၏ ကြည်ညိုယုံကြည်သော သဒ္ဓါအင်အား ကြီးမားထက်သန်မှုက ပို၍အရေးကြီးပါသည်။

❑

mgyoe.com

mgyoe.com

# မောရပရိတ် အာနုဘော်

## (ကိုယ်တွေ့)

ကျွန်ုပ် ငယ်ရွယ်စဉ်က ဖြစ်ပါသည်။ ထိုအချိန်က ကျွန်ုပ်မှာ ပဥ္စမတန်းကျောင်းသားအရွယ်ဖြစ်ပေသည်။ ယခု ကျွန်ုပ် ဖော်ပြမည့် အကြောင်းအရာဖြစ်စဉ်ကို ဖြတ်သန်းရသော အချိန်ကာလများကို ကျွန်ုပ် စတုတ္ထတန်းကျောင်းသားအရွယ်က စတင်ခဲ့ပါသည်။

ကျွန်ုပ်သည် ဦးလေး၏ ထောက်ပံ့မှုကို ခံယူ၍ ဦးလေးအိမ်တွင် မှီခိုကာ ကျောင်းနေ နေစဉ် ကျွန်ုပ်လည်း ဆရာသမားများ၏ သွန်သင်ဆုံးမမှုနှင့် ဦးလေး၏ ကွပ်ညှပ်မှုအောက်တွင် ညစဉ် အိပ်ရာဝင်ခါနီးတိုင်း ဘုရားဝတ်ပြုရပါသည်။ ဘုရားဝတ်ပြုရှိခိုးပြီးတိုင်း အရှေ့အရပ်သို့ မျက်နှာမူကာ လက်အုပ်ချီ ကန်တော့ရပါသည်။

ဘုရားကျောင်းဆောင် ထင်ရှားရှိနေသော နေရာဖြစ်ပါက ဘုရားမြတ်စွာကိန်းဝပ်ရာ ကျောင်းဆောင်ဘက်လှည့်ကာ ရှိခိုးရပါသည်။ ဘုရားကျောင်းဆောင်များမှာလည်း အရှေ့ဘက်နှင့် တောင်

mgyoe.com

mgyoe.com

ဘက်တွင်သာ အရှိများပါသည်။ အထားများပါသည်။ သို့ရာတွင် အရှေ့ဘက်က ပို၍များပါသည်။

ထို့ကြောင့် ကျွန်ုပ်အပါအဝင် ကျောင်းသားများသည် နံနက်ပိုင်း ဘုရားရှိခိုးလျှင် အရှေ့အရပ်သို့သာ မျက်နှာမူကြရလေ့ရှိ၏။

ဤလို အရှေ့အရပ်သို့ မျက်နှာမူရခြင်းအကြောင်းမှာ ကျွန်ုပ်တို့၏ မြတ်စွာဘုရားကိုယ်တော်မြတ် အလောင်းလျာသည် ဘုရားဖြစ်ရာ အရပ်ဖြစ်သော ဗောဓိပင်နှင့် ရွှေပလ္လင်ကို ရရှိတော်မူသောအခါ အရှေ့ဘက်မှ ကြည့်သည့်အခါကျမှသာ အပရာဇိတရွှေပလ္လင်ကို အနေအထားကောင်းမွန်စွာ မြင်တွေ့ရခြင်းတို့က တစ်ကြောင်း၊ 'ဘုရားမဖြစ်သမျှ ငါ မထပြီ' ဟူ၍ အဓိဋ္ဌာန်ပြုကာ ရွှေပလ္လင်ထက်ဝယ်ဖွဲ့ခွေနေတော်မူရာတွင်လည်း အရှေ့ဘက်သို့သာ မျက်နှာမူတော်မူသည်ဆိုခြင်းက တစ်ချက်။

ဤအကြောင်း ဤအချက်တို့ကြောင့် ကျွန်ုပ်တို့သည် အရှေ့အရပ်သို့ မျက်နှာမူကာ ဘုရားဝတ်ပြုကြရသည်ဟု ဆရာသမား မိဘတို့က သင်ကြားကြ၏။

တစ်ဖန် တစ်ခါတစ်ရံ တောင်ဘက်သို့လှည့်၍ ဘုရားဝတ်ပြုရတတ်သည့်အခါများလည်း ရှိတတ်သေး၏။ ဤအချက်မှာမူ ကျွန်းကြီး လေးကျွန်းတွင် ဤဇမ္ဗူဒီပါကျွန်းသည် ဘုရားပွင့်သော ကျွန်းထူးကျွန်းမြတ် ဖြစ်သည်။ တောင်အရပ်၌ရှိသည်။ ထို့ကြောင့် ဘုရားပွင့်ရာ ဖြစ်သော မြတ်သောကျွန်းရှိသည့် အရပ်မျက်နှာသို့ မျက်နှာပြုကာ ဘုရားဝတ်ပြုရခြင်း ဖြစ်သည် ဆိုကြပေ၏။

ထိုသို့ ကျွန်ုပ်တို့ ကျောင်းသားသူငယ်များ ဘုရားရှိခိုးရာတွင် အရှေ့အရပ်သို့ မျက်နှာအပြုများ၍ တစ်ခါတစ်ရံ တောင်ဘက်မျက်နှာသို့ မျက်နှာပြု၍လည်း ရှိခိုးရတတ်၏။ အခြားမျက်နှာများသို့မူ တစ်ကြိမ် တစ်ခါမျှ လှည့်၍ ရှိခိုးခြင်း မပြုဖူးကြပေ။

mgyoe.com

သို့ရာတွင် ကျွန်ုပ်၏ဦးလေးသည် ကျွန်ုပ်တို့ ရှိခိုးနေကျ အရှေ့အရပ်သို့ မျက်နှာပြု၍ ရှိခိုးရုံသာမက ညပိုင်းရောက်လျှင် အနောက်အရပ်သို့လည်း လှည့်၍ ခဏတစ်ဖြုတ် ရှိခိုးသည်ကို မြင်ရ၏။ ထူးဆန်းလှချည်လားဟု ကျွန်ုပ်ထင်ကာ တအံ့တဩ ကြည့်နေမိသည့် အကြိမ်ပေါင်းလည်း မနည်းတော့ချေ။

ကျွန်ုပ် ဤသို့ အံ့ဩသောအကြည့်ဖြင့် ကြိမ်ဖန်များစွာ ကြည့်မိခြင်းသည် ကျွန်ုပ်အား စူးစမ်းလိုစိတ် ဖြစ်ပေါ်အောင် လှုံ့ဆော်ခြင်းဖြစ်ပေတော့သည်။ ထို့ကြောင့် ကျွန်ုပ် လေ့လာ စူးစမ်းသောအခါ "မောရသုတ် ပရိတ်တော်" အကြောင်းကို သိလာရလေသည်။

မောရသုတ် ပရိတ်တော်တွင် နံနက် အိပ်ရာထ ရွတ်ဆိုရသော ဂါထာနှင့် ညအချိန် အိပ်ရာဝင်တွင် ရွတ်ဆိုရသော ဂါထာဟူ၍ ရှိ၏။ ကျွန်ုပ်၏ ဦးလေးဖြစ်သူ အနောက်အရပ်သို့ မျက်နှာမူကာ ရှိခိုးသော ဂါထာမှာ အိပ်ရာဝင်ခါနီး ရွတ်ဆိုရသော "အပေတယံ" ဂါထာဖြစ်သည်။

ဤမောရသုတ် ပရိတ်တော်သည် မြတ်စွာဘုရားအလောင်းတော် ရွှေဥဒေါင်းမင်း ဖြစ်စဉ်က ရွတ်ဆိုခဲ့သော ဂါထာဖြစ်ကြောင်း စသည်တို့ကိုပါ ဆက်လက်သိရှိခွင့် ရပါသည်။

မောရဇိဝါ ဇာတ်တော်ကို ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ကြားဖူးကြမည် ထင်ပါသည်။ ဇာတ်လမ်းအကျဉ်းမှာ

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မိဖုရားခေါင်ကြီးသည် မောရဇိဝါ ရွှေဥဒေါင်းမင်း၏တရားကို ကြားနာရသည်ဟု အိပ်မက်မြင်မက်ကာ ဥဒေါင်းမင်း၏ တရားကို နာကြားလိုသော အာသီသချင်ခြင်း ဖြစ်ပေါ်လေရာ ဗြဟ္မဒတ်မင်းသည် မုဆိုးတစ်ယောက်ကို စေလွှတ်ကာ အဖမ်းခိုင်း၏။

ဘုရားအလောင်းတော် ဒေါင်းမင်းသည် နံနက်တွင် အိပ်တန်းမှ

mgyee.com

mgyoe.com

မဆင်းမီ "ဥဒေတယံ" အစချီသော ဂါထာကို ရွတ်ဆိုပြီးမှ အိပ်တန်းဆင်းကာ အစာရှာထွက်၍ ညနေတွင်လည်း "အပေတယံ" အစချီသော ဂါထာကို ရွတ်ဆိုပြီးမှ အိပ်တန်းတက်သောကြောင့် မုဆိုး၏ဘေးရန်မှ လွတ်ကင်းနေသည်။

ဗြဟ္မဒတ်မင်း လွှတ်လိုက်သောမုဆိုးမှာ ရွှေဥဒေါင်းမင်းကို ဖမ်းမိစေရန် ကြိုးပမ်းရင်း ကွယ်လွန်သွားရာ နောက်ထပ်မုဆိုး တစ်ယောက်ကို လွှတ်လိုက်ပြန်၏။ ဤလို တစ်ယောက်ပြီး တစ်ယောက် ရောက်လာသော မုဆိုးတွေသာ တောထဲတွင် သေကုန်သော်လည်း အလောင်းတော် ဥဒေါင်းမင်းကိုကား ဖမ်းဆီးမမိကြလေ။

ထိုအချိန်တွင် ဗြဟ္မဒတ်မင်း၏ မိဖုရားခေါင်ကြီးမှာလည်း ရွှေဥဒေါင်းမင်း၏တရားကို ချင်ခြင်းတပ်ရင်း ထိုစိတ်ဖြင့်ပင် ကွယ်လွန်သွားရာ ဗြဟ္မဒတ်မင်းသည် ရွှေဥဒေါင်းမင်းကို အငြိုးထားလေ၏။

မင်းတစ်ဆက်မဟုတ်လျှင် နောက်တစ်ဆက်၏ လက်ထက်တွင် ထိုရွှေဥဒေါင်းမင်းကို ဖမ်းမိကာ သတ်ဖြတ်ကြစေရန် 'ထိုအရပ်တွင် ထိုအမည်ဖြင့် ရွှေဥဒေါင်းတစ်ကောင်ရှိသည်။ ၎င်း၏ အသားကို စားလျှင် နာဖျားအိုသေကင်းမည်။ ဦးခေါင်းကို စားလျှင် စကြာမင်းဖြစ်မည်' ဟူ၍ ကမ္ပည်းမှတ်တမ်းထိုးထားခဲ့ရာ မင်းအဆက်ဆက် ဖမ်းကြသည်။

မင်းခြောက်ဆက်တိုင်တိုင် မမိချေ။ သတ္တမ မင်းဆက်တွင် ရောက်ရှိလာသော မုဆိုးကမူ ဒေါင်းနှင့်မုဆိုးတို့၏ ဖြစ်စဉ်ကို လေ့လာကာ ဒေါင်းမဖြင့် မျှားသည်တွင် "ဥဒေတယံ" ဂါထာကို မေ့ပြီး ဆင်းလာမိသဖြင့် မုဆိုးလက်ထဲ ကျရောက်ရသည်။ ဘုရင့်ထံ ရောက်သောအခါ ဘုရင်ကို တရားဟောပြီး နေရင်း ရွှေတောင်သို့ ပြန်လာခဲ့လေသည်။

ကျွန်ုပ်၏ ဦးလေးသည် မောရသုတ်တော် နောက်ခံဇာတ်

mgyoe.com

ကြောင်းပါ ဘုရားလောင်းဥဒေါင်းမင်း၏ နည်းနာနိဿယကို ယူ၍ အိပ်ရာထ ဘုရားရှိခိုးအပြီးတွင် "ဥဒေတယံ" ဂါထာကို ရွတ်ဆို ရှိခိုးသည်။ ညဥ့်အိပ်ရာဝင်တွင် အနောက်အရပ်သို့ လှည့်ကာ ရှိခိုး ခြင်းကား စင်စစ် "အပေတယံ" ဂါထာကို ရွတ်ဆိုရှိခိုး၏။ ရှိခိုးခြင်းမှာမူ သဒ္ဒါစိတ်ယိုဖိတ်၍ ပြုမူခြင်းဖြစ်ပေသည်။

ထိုသို့ မောရသုတ်ပရိတ်တော်အကြောင်းကို သိရှိရပြီးနောက် ထိုပရိတ်သုတ်တော်ကို ရွတ်ဆိုရှိခိုးရခြင်း၏ အကျိုးအာနိသင်ကို စုံစမ်း မေးမြန်းမိပြန်ပါ၏။

ထိုအခါ ကျွန်ုပ်၏ ဆရာက

ဆရာ။ ။ မောရသုတ် ပရိတ်တော်ရဲ့ အဓိပ္ပာယ်ကို မင်းသိရဲ့လား။

ကျွန်ုပ်။ ။ မသိပါဘူး ဆရာ။

ဆရာ။ ။ အေး၊ မသိရင် မှတ်ထားကွ၊ 'မကောင်းမှုတွေကို မျှောချ ပစ်ပြီးသော မြတ်စွာဘုရား' တဲ့ကွ၊ 'ဉေယျဓံတရား ငါးပါးကို သိတော်မူတဲ့ မြတ်စွာဘုရား' တဲ့ကွ။ အဲဒီမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတွေကို ရှိခိုးပါတယ်တဲ့။

ကျွန်ုပ်။ ။ ရိုးရိုး ရှိခိုးလို့ကော မရဘူးလား ဆရာ။

ဆရာ။ ။ ရတယ်၊ ဒါပေမဲ့ ငါ အခုပြောနေတာက ဘုရားအလောင်း တော် ရွှေဥဒေါင်းမင်းရဲ့ ဘုရားရှိခိုးပုံကို ပြောနေတာကွ။

ကျွန်ုပ်။ ။ ဟုတ်ကဲ့ ဆရာ၊ မသိရင် မေးရမယ်ဆိုလို့ မေးတာပါ။

ဆရာ။ ။ အေး နောက်ပြီးတော့ ဘုရားလောင်း ဒေါင်းမင်းဟာ 'မဂ် ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း ရှိခိုးတယ်' ကွ။ 'ကိလေသာကင်းစင် ပြီးတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ရှိခိုးတယ်' ကွ။ 'အရိယာတို့ရဲ့ ဝိမုတ္တိတရား ငါးပါးကိုလည်း ရှိခိုးသေးတယ်' ကွ။ အဲဒီလို ရှိခိုးတော့ ဘာဖြစ်နိုင်တယ် မင်း ထင်သလဲဟေ့။

ကျွန်ုပ်။ ။ ကောင်းတာလုပ်တော့ ကုသိုလ်ရတာပေါ့ ဆရာ။

mgyoe.com

mgyoe.com

ဆရာ။ ။ မှန်တယ်၊ ကောင်းမှုပြုတဲ့နောက်တော့ ကုသိုလ်မရဘဲ နေပါ့မလား၊ ရတော့ရတာပေါ့၊ နောက်ပြီး ဒီရှိခိုးခြင်းကို အရံအတား ပြုတဲ့အတွက် ဘေးအန္တရာယ်လည်း ကင်းတာပေါ့ကွာ။

ကျွန်ုပ်။ ။ အခု ကျွန်တော့် ဦးလေးရှိခိုးပြီး ရွတ်တာဟာလည်း အရံအတား ပဲလား ဆရာ။

ဆရာ။ ။ ဒါပေါ့ကွာ၊ နေ့မှာဆိုရင် အိပ်ရာထမှာ 'ဥဒေတယံ' ဂါထာပေါ့၊ ညအိပ်ရာဝင်မှာ 'အပေတယံ' ဂါထာပေါ့၊ ကျရောက်မယ့် အန္တရာယ်တွေကို တားဆီးတယ်လို့ ယုံကြည်ပြီး ရှိခိုးတာပဲ၊ ရွတ်တာပဲ။

ဤသို့ဖြင့် ကျွန်ုပ်သည် စတုတ္ထတန်း လွန်မြောက်၍ ပဉ္စမတန်းသို့ ရောက်လာခဲ့သည်။ ကျောင်းပြောင်းရသောကြောင့် အခြေအနေသစ် အသွင်သစ်ကိုသာမက ဆရာသစ်များနှင့်ပါ တွေ့ရသဖြင့် ကျွန်ုပ်၏ စူးစမ်းတတ်သော ဝါသနာမှာ ပိုမိုရင့်သန်လာခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်သည် ဦးလေး၏ ဇနီးထံတွင် မေးမြန်းကြည့်မိရာ

"ဟဲ့ နင်ပြောမှ သတိရတယ်၊ မယုံမရှိနဲ့၊ အဲဒါ အမှန်ပဲ" အစချီကာ အောက်ပါအတိုင်း ပြောပြပါသည်။

ပထမဖြစ်ပျက်သော အကြောင်းအရာမှာ ဦးလေးတို့ထံသို့ ကျွန်ုပ်မရောက်သေးမီ ပထမ အိမ်ငယ်ကလေးတွင် နေထိုင်ကြစဉ်တွင် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပေ၏။

ထိုညက ဦးလေးသည် ညဉ့်နက်မှ အိပ်ရာဝင်ခဲ့၏။ သူ အိပ်မောကျပြီး မကြာမီ သူ့ယောက္ခမကြီး အိမ်တံခါးဖွင့်၍ အပြင်ထွက်သည်။ ဦးလေး၏ ယောက္ခမကြီးသည် ဖွင့်သောတံခါးကို မပိတ်မိဘဲ ပြန်လည် အိပ်စက်ရတော့ရာ ထိုတံခါးမှ သူခိုးဝင်လာလေ၏။

အိမ်ထဲသို့ သူခိုးဝင်လာချိန်နှင့် တစ်ပြိုင်နက်ပင် ကျွန်ုပ်၏

mgyoe.com

mgyoe.com

ဦးလေးမှာလည်း အိမ်ထဲ သူခိုးဝင်လာသည်ကို အိပ်မက်ကာ လန့်နိုးပြီး အထိတ်တလန့် ထထိုင်လေရာ သူခိုးလည်း အလန့်တကြား ထွက်ပြေးရာတွင် တံခါးကိုဖွင့်ပြီး မထွက်မိသဖြင့် ပိတ်နေသော တံခါးရွက်နှင့် တအားဆောင့်မိကာ လဲကျသွားသည့်အတွက် ဦးလေး၏ ခုန်အုပ်ဖမ်းဆီးခြင်း ခံရလေ၏။

သူခိုးမှာ အိမ်ရှင်နိုးခဲ့သော် အလွယ်တကူ ထွက်ပြေးနိုင်ရန် တံခါးကို သေချာစွာ ဖွင့်ထားခဲ့ပါလျက်နှင့် တံခါးပိတ်ပြီးသား ဖြစ်နေခြင်းကို မကျေမနပ်ဖြင့် တနုံ့နုံ့တွေးရင်း ရဲသားများ ဖမ်းဆီးခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေ၏။

သူခိုး၏ရင်ထဲတွင် တနုံ့နုံ့ ဖြစ်နေရခြင်းကို ဦးလေးတို့ သိရခြင်းမှာ သူခိုးနှင့်အတူ ထောင်ထဲတွင် နေထိုင်ရင်းနှီးခဲ့ပြီး သူခိုးထက်စော၍ ထောင်မှထွက်လာသူတစ်ဦး၏ ပြောပြစကားကို တစ်ဆင့်စကား တစ်ဆင့်နား ကြားရခြင်း ဖြစ်ပေသည်။

ထိုသို့ ဖြစ်ပျက်ပြီးနောက် မကြာမီပင် ဦးလေးတို့သည် အိမ်ကလေးမှ အိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင်ကြ၏။ အိမ်ကြီးမှာ နှစ်ထပ်ဖြစ်သည်။ ဝင်းနှင့် ခြံနှင့် ဖြစ်သောကြောင့် အိမ်ကလေးထက် ခိုင်ခံ့သည်။ လုံခြုံသည်။ စိတ်ချရသည်။

အဆိုပါ အိမ်ကြီးသို့ ရွှေ့ပြောင်းနေထိုင်ပြီးနောက် ခြောက်လမျှအကြာတွင် ဦးလေးတို့အိမ်ကို သူခိုး အဝင်ခံရသည်။ ဤသို့ သူခိုးဝင်လာသည်ကို ဦးလေးတို့အိမ်သားများ မသိကြပေ။ သူခိုးက လာပြောမှ သိရတော့သည်။

အိမ်မှာ နှစ်ထပ်အိမ်ဖြစ်ရာ ခြံဝင်းကို ဖြဲပြီး ဝင်လာခဲ့သော သူခိုးသည် အိမ်အောက်မှ မှောင်ရိပ်ဖြင့်ပြီး အသံများကို နားစွင့်ထောင်၏။ အိမ်သားအားလုံး အိပ်မောကျနေကြကြောင်း စိတ်ချ ယုံကြည်ရလျှင် သူ၏ အလုပ်ကို စတင်ရန် ပြင်ဆင်တော့သည်။ အိမ်မီးဖိုဆောင်တွင်

mgyoe.com

mgyoe.com

ကာရံထားသော ဝါးထရံမှာ ဆွေးမြည့်နေသည်။ ထိုနေရာကို ဖောက်ထွင်း ဝင်ရောက်ရန် ရေနံသုတ်ထားသော လှေကားကိုယူပြီး ထောင်သည်။ လှေကားကို လေးထစ်တက်အပြီး၌ လှေကားထစ် ကျိုးကျရာ သူခိုးမှာ ကျိုးပဲ့ခြင်းမရှိသော်လည်း ပေါင်ရင်းမှ ပေါင်ဖျားထိ ရှည်လျား၍ စပါးလုံးတစ်ထောက်ခန့်နက်သော ဒဏ်ရာကြီး ရသွားလေ၏။

သူခိုးသည် ရရာအဝတ်စုတ်ဖြင့် ဒဏ်ရာကို စည်းနှောင်ကာ နောက်တစ်နည်း အကြံထုတ်ပြန်သည်။ ထိုအကြံမှာ အုတ်ခဲတွေ ဆင့်ပြီး မီးဖိုကြမ်းပြင်ကို ဖြဲပြီး ဝင်ရန်ဖြစ်သည်။ ထိုအကြံကို အကောင်အထည် ဖော်ရန် အုတ်ခဲတွေ သယ်ယူနေစဉ် ခြေမျက်စိမှ ပူခနဲ ဖြစ်သွား၍ လက်ဖြင့် ပွတ်သပ်လိုက်ရာ ရှည်လျားသော အကောင်တစ်ကောင်ကို စမ်းမိသည်။ လက်ကိုလည်း ထပ်မံကိုက်သွားသည်။

မြွေနှစ်ကြိမ် ကိုက်ခံခြင်းခံရပြီဟူ၍ သိသည်နှင့်တစ်ပြိုင်နက် သူခိုးသည် ဆေးမီရန် ဦးလေးတို့အိမ်အောက်မှ အမြန်ဆုံး ပြေးထွက် သွားလေ၏။

သူခိုး။ ။ အဲဒါပါပဲ ဆရာရယ်၊ သူတော်ကောင်းရဲ့အိမ်ကို ပြစ်မှားမိလို့ ဖြစ်ရတာပါ၊ ခွင့်လွှတ်ပါ၊ အပြစ်မယူပါနဲ့ခင်ဗျာ။

ဦးလေး။ ။ (ထိုင်ကန်တော့နေသော သူခိုးကို တအံ့တဩ ကြည့်နေရင်း) အပြစ်မယူပါဘူးဗျာ၊ နောက်နောင် ဒီလို မကောင်းမှု မကျူး လွန်နဲ့ပေါ့ဗျာ။

သူခိုး။ ။ ကျွန်တော် ခိုးစားလာတာ ကြာပါပြီ ဆရာရယ်၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး၊ ဆရာ့မှာ ဆေးကောင်းဝါးကောင်းရှိရင် တပည့် သားမြေးလို သဘောထားပြီး စွန့်ကြဲပါခင်ဗျာ။ ဒီအလုပ်ကို ပါဏာပေတံ အသက်ထက်ဆုံး စွန့်လိုက်ပါပြီ။

ဦးလေး။ ။ ဘာဆေးဘာဝါးမှ မရှိပါဘူးဗျာ၊ ရတနာသုံးပါးကို ကြည်ညို ဆည်းကပ်ပြီး မောရသုတ် ပရိတ်တော်ကို ရွတ်တာပဲ။

mgyoe.com

mgyoe.com

သူခိုးပြန်သွားသောအခါ ဦးလေး၏ဇနီးက "သူခိုးကို ဘာပြုလို့ ပြောလိုက်ရတာလဲ၊ အဲဒီပရိတ်တော်ကို ရွတ်နေရင် မခက်ပေဘူးလား"

ဦးလေး။ ။ ဒီပရိတ်တော်ဟာ ရှေးပဝေသဏီကတည်းက ရှိတာပါကွာ၊ အဲဒီပရိတ်ကိုရွတ်ပြီး ခိုးလို့လည်း မရပါဘူး၊ ရွတ်ဆိုမိရင်လည်း ထိုက်သင့်တဲ့ကုသိုလ် ရတာပေါ့ကွာ၊ မကောင်းမှု မဖြစ်ပွားပါဘူး။

ကျွန်ုပ်၏ ဒေါ်လေးပြောပြတော့မှ ကျွန်ုပ်မှာ မောရသုတ်ပရိတ်တော်၏အာနုဘော်ကို ကိုယ်တွေ့နီးပါးသိရှိကာ ဆတက်ထမ်းပိုးတိုး၍ ယုံကြည်ခြင်း၊ ကြည်ညိုခြင်း ဖြစ်ပေါ်လာရပါတော့သည်။

ထို့ကြောင့် ယုံကြည်ခြင်းနှင့် ကြည်ညိုခြင်းရှိသော ပုဂ္ဂိုလ်တိုင်း အားကိုး အားထားပြုနိုင်ရန် ဖော်ပြလိုက်ရပါသည်။

❑

## မောရသုတ် ပရိတ်ပါဠိတော်

(က) ပူရေန္တံ ဗောဓိသမ္ဘာရေ၊
နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာ ရက္ခံ၊
မဟာ သတ္တံ ဝနေစရာ။ ။

(ခ) စိရဿံ ဝါယမန္တာပိ၊
နေဝ သက္ခိံသု ဂဏှိတုံ။
ဗြဟ္မမန္တန္တိ အက္ခာတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။ ။

mgyoe.com

mgyoe.com

(၁) ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ၊
ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။ ။

(၂) ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေစ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။ ။

(၃) အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ၊
ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။ ။

(၄) ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စမံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမောဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသ မကပ္ပယိ။ ။

❑

mgyoe.com

mgyoe.com

# မောရသုတ်ပရိတ် ပါဠိတော် မြန်မာပြန်

(က–ခ)ဗောဓိသမ္ဘာရေ = အရိယမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏
အဆောက်အအုံ ဖြစ်ကုန်သော ပါရမီဆယ်ပါး
အပြားသုံးဆယ်တို့ကို။

| | |
|---|---|
| ပူရေတွာ | = ဖြည့်တော်မူသော |
| မောရယောနိယံ | = ဥဒေါင်းမျိုး၌။ |
| နိဗ္ဗတ္တော | = ဖြစ်ထသော။ |
| သံဝိဟိတာရက္ခံ | = ကောင်းစွာ စီရင်အပ်သော အစောင့်အရှောက်ရှိသော။ |
| မဟာသတ္တံ | = ဘုရားအလောင်းတော်ရွှေဥဒေါင်းမင်းကို။ |
| ဝနေစရာ | = မုဆိုးတို့သည်။ |
| စိရသံ | = ကြာမြင့်စွာ အနှစ်ခုနစ်ရာ ပတ်လုံး။ |
| ဝါယမန္တာပိ | = ဖမ်းအံ့သောငှာ လုံ့လပြုကုန်သော်လည်း။ |
| ယေန | = အကြင်မောရပရိတ်အာနုဘော်တော်ကြောင့်။ |
| ဂဏှိတုံ | = ဖမ်းယူအံ့သောငှာ။ |

mgyoe.com

mgyoe.com

| | | |
|---|---|---|
| | နေဝသက္ကိံသု | = မတတ်နိုင်ကုန်သည်သာတည်း။ |
| | ယဥ္စပရိတ္တံ | = အကြင်မောရသုတ်ပရိတ်တော်ကိုလည်း။ |
| | ဗြဟ္မမန္တန္တိ | = မြတ်သောမန္တန်ဟူ၍။ |
| | အက္ခာတံ | = ဘုရား ဟောတော်မူအပ်၏။ |
| | တံပရိတ္တံ | = ထိုမောရသုတ် ပရိတ်တော်ကို။ |
| | ဟေ | = အို သူတော်ကောင်းတို့။ |
| | မယံ | = ငါတို့သည်။ |
| | ဘဏာမ | = ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်အံ့။ |
| (၁) | စက္ခုမာ | = လူတို့၏ မျက်စိရှိထသော။ |
| | ဧကရာဇာ | = မြတ်သောမင်းလည်း ဖြစ်ထသော။ |
| | ဟရိဿဝဏ္ဏော | = ရွှေအဆင်းနှင့်တူသော အဆင်းလည်း ရှိထသော။ |
| | ပထဝိပ္ပဘာသော | = မြေအပြင်၌ ထွန်းလင်းသော အရောင်လည်း ရှိထသော။ |
| | အယံ သူရိယော | = ဤနေမင်းသည်။ |
| | ယသ္မာ | = အကြင်ကြောင့်။ |
| | ဥဒေတိ | = တက်၏။ |
| | တံတသ္မာ | = ထို့ကြောင့်။ |
| | ဟရိဿဝဏ္ဏံ | = ရွှေအဆင်းနှင့်တူသော အဆင်းလည်း ရှိထသော။ |
| | ပထဝိပ္ပဘာသံ | = မြေအပြင်၌ ထွန်းလင်းသော အရောင်လည်း ရှိထသော။ |
| | တံ | = ထိုနေမင်းကို။ |
| | အဟံ | = ငါသည်။ |
| | နမဿာမိ | = ရှိခိုးပါ၏။ |

mgyoe.com

တယာ = ရှင်နေမင်းသည်။
ဂုတ္တာ = စောင့်ရှောက်အပ်သည်ဖြစ်၍။
မယံ = ငါတို့သည်။
အဇ္ဇ = ယနေ့၌။
ဣမံဒိဝသံ = ဤနေ့ပတ်လုံး။
ဝိဟရေမု = ချမ်းသာစွာနေပါကုန်အံ့။

(၂) ဗြာဟ္မဏာ = မျှောအပ်ပြီးသော မကောင်းမှု ရှိတော်မူကုန်ထသော။
ယေ = အကြင်မြတ်စွာဘုရားတို့သည်။
သဗ္ဗဓမ္မေ = အလုံးစုံသောဥေယျဓံတရားငါးပါးတို့ကို။
ဝေဒဂူ = သိခြင်းသို့ ရောက်တော်မူကုန်ပြီ။
တေ ဗုဒ္ဓါ = ထိုမြတ်စွာဘုရားတို့သည်။
မေ = ငါ၏။
နမော = ရှိခိုးခြင်းကို။
သမ္ပဋိစ္ဆန္တု = ခံတော်မူစေကုန်သတည်း။
တေ ဗုဒ္ဓါ = ထိုမြတ်စွာဘုရားတို့သည်။
မံ = ငါ့ကို။
ပါလယန္တု = စောင့်လည်း စောင့်တော်မူစေကုန်သတည်း။
ဗုဒ္ဓါနဥ္စ = မြတ်စွာဘုရားတို့အားလည်း။
နမော = ရှိခိုးခြင်းသည်။
အတ္ထု = ဖြစ်စေသတည်း။
ဗောဓိယာစ = မဂ်ဉာဏ် ဖိုလ်ဉာဏ်အားလည်း။
နမော = ရှိခိုးခြင်းသည်။
အတ္ထု = ဖြစ်စေသတည်း။

mgyoe.com

mgyoe.com

ဝိမုတ္တာနဥ္ဇ = ကိလေသာမှ လွတ်တော်မူကုန်သော ပုဂ္ဂိုလ်တို့အားလည်း။
နမော = ရှိခိုးခြင်းသည်။
အတ္ထု = ဖြစ်စေသတည်း။
ဝိမုတ္တိယာစ = အရိယာတို့၏ ဝိမုတ္တိငါးပါးအားလည်း။
နမော = ရှိခိုးခြင်းသည်။
အတ္ထု = ဖြစ်စေသတည်း။
ဣတိ = ဤသို့။
သော မောရော = ထို ဘုရားအလောင်းတော် ရွှေဥဒေါင်းမင်းသည်။
ဣမံ ပရိတ္တံ = ဤအရံအတားကို။
ကတွာ = ပြု၍။
ဧသနာ = အစာရှာအံ့သောငှာ။
စရတိ = သွား၏။
(၃) စက္ခုမာ = လူတို့၏ မျက်စိရှိထသော။
ဧကရာဇာ = မြတ်သောမင်းလည်း ဖြစ်ထသော။
ဟရိဿဝဏ္ဏော = ရွှေအဆင်းနှင့် တူသော အဆင်းလည်း ရှိထသော။
ပထဝိပ္ပဘာသော = မြေအပြင်၌ ထွန်းလင်းသော အရောင်လည်း ရှိထသော။
အယံသူရိယော = ဤနေမင်းသည်။
ယသ္မာ = အကြင်ကြောင့်။
အပေတိ = ဝင်၏။
တံ တသ္မာ = ထို့ကြောင့်။
ဟရိဿဝဏ္ဏံ = ရွှေအဆင်းနှင့် တူသောအဆင်းလည်း

mgyoe.com

mgyoe.com

ရှိထသော။

ပထဝိပ္ပဘာသံ = မြေအပြင်၌ ထွန်းလင်းသော အရောင်လည်း ရှိထသော။

တံ = ထိုနေမင်းကို

အဟံ = ငါသည်။

နမဿာမိ = ရှိခိုးပါ၏။

တယာ = ထိုနေမင်းသည်။

ဂုတ္တာ = စောင့်ရှောက်အပ်သည်ဖြစ်၍။

မယံ = ငါတို့သည်။

အဇ္ဇ = ယနေ့၌။

ဣမံ ရတ္တိံ = ဤညဥ့်ပတ်လုံး။

ဝိဟရေမု = ချမ်းသာစွာ နေပါကုန်အံ့။

(၄) ဗြာဟ္မဏာ = မျှော်အပ်ပြီးသော မကောင်းမှု ရှိတော်မူကုန်ထသော။

ယေ ဗုဒ္ဓါ = အကြင်မြတ်စွာဘုရားတို့သည်။

သဗ္ဗဓမ္မေ = အလုံးစုံသော ညေယျဓံတရား ငါးပါးတို့ကို။

ဝေဒဂူ = သိခြင်းသို့ ရောက်တော်မူကုန်ပြီ။

တေ ဗုဒ္ဓါ = ထိုမြတ်စွာဘုရားတို့သည်။

မေ = ငါ၏။

နမော = ရှိခိုးခြင်းကို။

သမ္ပဋိစ္ဆန္တု = ခံတော်မူစေကုန်သတည်း။

တေ ဗုဒ္ဓါ = ထိုမြတ်စွာဘုရားတို့သည်။

မံ = ငါ့ကို။

ပါလယန္တု စ = စောင့်လည်း စောင့်တော်မူစေကုန်သတည်း။

mgyoe.com

mgyoe.com

ဗုဒ္ဓါနဉ္စ = မြတ်စွာဘုရားကိုအားလည်း။
နမော = ရှိခိုးခြင်းသည်။
အတ္ထု = ဖြစ်စေသတည်း။
ဗောဓိယာ စ = မဂ်ဉာဏ် ဖိုလ်ဉာဏ်အားလည်း။
နမော = ရှိခိုးခြင်းသည်။
အတ္ထု = ဖြစ်စေသတည်း။
ဝိမုတ္တာနဉ္စ = ကိလေသာမှ လွတ်တော်မူကုန်သော ပုဂ္ဂိုလ်တို့အားလည်း။
နမော = ရှိခိုးခြင်းသည်။
အတ္ထု = ဖြစ်စေသတည်း။
ဝိမုတ္တိယာ စ = အရိယာတို့၏ ဝိမုတ္တိငါးပါးအားလည်း။
နမော = ရှိခိုးခြင်းသည်။
အတ္ထု = ဖြစ်စေသတည်း။
ဣတိ = ဤသို့။
သော မောရော = ထိုဘုရားအလောင်းတော် ရွှေဥဒေါင်းမင်းသည်။
ဣမံ ပရိတ္တံ = ဤအရံအတားကို။
ကတွာ = ပြု၍။
ဝါသံ = ညဉ့်အိပ်နေခြင်းကို။
အကပ္ပယိ = ပြုပြီ။

ဤသို့လျှင် မောရသုတ် ပရိတ်တော်ကို ဘုရားအလောင်းတော် ကိုယ်တိုင်ပင် ရွတ်ဆိုခဲ့၍ ယုံကြည်သော အခြားသူများလည်း ယုံကြည်သည့်အလျောက် ရွတ်ဆိုကြရာတွင် ထက်မြက်သော အကျိုးအာနိသင်ကို ရရှိခံစားဖူးသူများ များစွာ ရှိလိမ့်မည်ဟု ယုံကြည်သည့်အလျောက် ကျွန်ုပ်၏ ဦးလေး ဒေါ်လေးများမှ တစ်ဆင့် ပြောပြချက်ကို တစ်ဆင့်

mgyoe.com

ပြန်လည်တင်ပြလိုက်ရပါသည်။

ထိုမှတစ်ပါးလည်း မောရသုတ်ပရိတ်တော်ကို အရံအတား ပြုသည့်နည်းတူ အခြားသော အရံအတား ဂါထာများလည်း များစွာ ရှိသည့်အနက် လူသိနည်းသော်လည်း ကိုယ်နှုတ်နှလုံး သုံးပါးလုံး စင်ကြယ်၍ ယုံကြည်သူများ ရွတ်ဆိုအသုံးပြုသဖြင့် ထိရောက်အကျိုး ရှိသော အရံအတားတစ်ခုမှာ ပဋ္ဌာန်း ၂၄ ပစ္စည်းဖြစ်ပေသည်။

ပဋ္ဌာန်း ၂၄ ပစ္စည်းကို နှုတ်တက်ရမိ သိရှိသူ များပြားသဖြင့် မဖော်ပြဘဲ ချန်လှပ်ထားခဲ့ပါသည်။

❑

mgyoe.com

mgyoe.com

## ဝဋ္ဋပရိတ် အာနုဘော်

## (ပြန်လည် တင်ပြချက်)

"ဝဋ္ဋသုတ်ပရိတ်တော်ကို လူတွေက အဲဒီလို သိတဲ့လူ နည်းတယ်ဗျ။ ငုံးမင်းပရိတ်– ငုံးမင်းပရိတ်နဲ့ ပြောကြ ခေါ်ကြတယ်။ အဲဒီလိုပဲ အမှတ်အသား ထားနေကြတော့တာပဲ"

တစ်ခုသော လက်ဖက်ရည်ကြမ်းဝိုင်းတွင် ကျွန်ုပ်တို့ စကားစမြည်ပြောကြရာတွင် ဘိုးစဉ်ဘောင်ဆက်ကတည်းက ရှိခဲ့သိခဲ့၍ လူအများ အမှတ်မဲ့ဖြစ်နေသော ဂါထာများ ပရိတ်တော်များ အကြောင်းသို့ စကားစ ဦးလှည့်သွားသဖြင့် ရွှေဘိုမြို့မှ အလည်အပတ်ရောက်ရှိနေသော ဦးသောင်းရွှေက အထက်ပါအတိုင်း "ဝဋ္ဋသုတ်ပရိတ်တော်" အကြောင်းကို အစပျိုးလိုက်ခြင်း ဖြစ်ပါသည်။

"လူတွေ အမှုမဲ့ အမှတ်မဲ့ ဖြစ်နေပြီး အခုလို တန်ခိုးအာနုဘော်ကြီးမားတဲ့ ပရိတ်တော်ကြီးတွေကို အမှုမဲ့အမှတ်မဲ့ဖြစ်ပြီး ဂမုန်းရောဂါ ထလိုထ၊ ဟိုဟာဒီဟာ ကိုးလိုကိုး၊ ဟိုဟာဒီဟာ ဆောင်လိုဆောင်

mgyoe.com

ဖြစ်နေကြတာက နမ်းဖန်များတော့ ပြယ်၊ မြင်ဖန်များတော့ ငယ် ဆိုတာ လို ဖြစ်နေတာဗျ"

"ရှင်းစမ်းပါဦး ခင်ဗျာ၊ ဘယ်လိုများပါလိမ့်"

အကြမ်းဝိုင်းတွင် အတူရှိနေသော ဓမ္မမိတ်ဆွေတစ်ဦးက စိတ်ဝင်စားစွာ မေးလိုက်ပေသည်။

"ဒီလိုပါခင်ဗျာ။ ဒီ သုတ်ပရိတ်တော်ကြီးတွေကို အန္တရာယ်ကင်း ပရိတ်ရွတ်တဲ့အခါမှာသာ ကြားနာရတာ မဟုတ်ပါဘူး။ သံဃာတော် အရှင်မြတ်များကို ဆွမ်းကပ်လှူပြီးတဲ့နောက် တရားနာတဲ့အခါမှာသာ ကြားနာရတာ မဟုတ်ပါဘူး။ ရှင်ပြုအစရှိတဲ့ လောကုတ္တရာ သုမင်္ဂလ အခမ်းအနားတွေ၊ ဆွမ်းသွတ်အစရှိတဲ့ လောကုတ္တရာ ဒုမင်္ဂလ အခမ်း အနားတွေမှာလည်း ရွတ်ဖတ်သံကြားကြ နာကြရတာပါပဲ။ အဲဒီလို အရှင်မြတ်များက ပရိတ်တော်ရွတ်ဖတ်နေတော့ ဘာလုပ်ကြသလဲ။ တောင်ငေး မြောက်ငေး ငေးနေကြတယ်။ တီးတိုးစကား ပြောနေကြတယ်။ နားမှမလည်ဘဲကိုး။ နားမလည်တော့ မသိဘူး။ ဒါကို ပြောချင်တာပါ ခင်ဗျာ။ မကြာခဏလည်း ကြားနေရပြန်တော့ အဖိုး တန်တယ် မထင်ပြန်ဘူးပေါ့လေ"

စကားဝိုင်းတွင်ရှိသော ဓမ္မမိတ်ဆွေများမှာ ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံသလို သဘောတူသလို လုပ်နေကြလေသည်။

ဦးသောင်းရွှေက ဆက်လက်ပြောပြန်ပါသည်။

"အဲဒီလို နားမလည်လို့ မသိတာ၊ မကြာခဏ ကြားနေရလို့ ရိုးပြီး ပေါ့ပြီး သတိမထားနိုင်ကြတာတွေဟာ ဒုနဲ့ဒေး ရှိတယ် ခင်ဗျာ့။ အဲဒါရဲ့ သက်သေကတော့ လူတစ်ယောက် ထူးထူးခြားခြား တစ်ခုခု ဖြစ်ရင် ဂမုန်းများ စိုက်သလား၊ ဘာများ ဆောင်သလဲ၊ ဘာကို ကိုးကွယ်သလဲ စုံစမ်းကြတာဗျ။ သူ ဘယ်လိုအားထုတ်သလဲ၊ ဘယ် ပရိတ်ကို ရွတ်သလဲ မမေးဘူး"

mgyoe.com

mgyoe.com

"ဟုတ်ပါတယ်၊ နားမလည်တော့ မသိဘူးပေါ့ ခင်ဗျာ"

ဦးဘမောင်ဆိုသူက ထောက်ခံပြောဆိုပေသည်။

"တခြားလူ မကြည့်နဲ့၊ ကျွန်တော်ပေါ့ ခင်ဗျာ။ ကျွန်တော်ဟာ ကိုယ်နှုတ်နှလုံး သုံးပါးလုံး စင်ကြယ်အောင် နေထိုင်ကျင့်ကြံပါတယ်။ ငါးပါးသီလမြဲအောင် ကြိုးစားပါတယ်။ အဘိဓမ္မာတရား မမွေးပါဘူး။ အလုပ်တာဝန်ကျေပွန်အောင် ဆောင်ရွက်တယ်။ ညအိပ်ရာဝင်ရင် "မေတ္တာသုတ်" နဲ့ " ဝဋ္ဋသုတ်" ကို အမြဲ ရွတ်ဖတ်ပါတယ်။ အဲဒါနဲ့ တစ်နေ့ကျတော့ ကျွန်တော်တို့ ရပ်ကွက်ကို မီးကြီးလောင်ပါလေရော ခင်ဗျာ"

ထိုနေရာအရောက်တွင် ဓမ္မမိတ်ဆွေအားလုံးမှာ ဦးသောင်းရွှေ ပြောသည့်စကားတွင် အာရုံစိုက်လာကြတော့သည်။ ထိုအခါတွင် ဦးသောင်းရွှေက အကြမ်းတစ်ခွက် ငုံ့သောက်နေသည့်အတွက် ဆတ်တငံ့ငံ့ ခံစားကြရလေသည်။ တစ်နည်းအားဖြင့် သိချင်စိတ် နားထောင်ချင်စိတ်ကို နှိုးဆွပေးလိုက်သလိုလည်း ဖြစ်နေပေတော့သည်။

"ကိုင်းဗျာ၊ ခင်ဗျားကလည်း အရေးထဲမှာ ဈေးကိုင်သလို လုပ်နေပြန်ပြီဗျာ၊ ဒီမှာသိချင်နေကြပြီဗျ"

ဦးဘမောင်က ရယ်မောကာ ပြောပါသည်။

"သည်းခံပါ ခင်ဗျာ၊ ကျွန်တော့်မှာ ဒီလိုစိတ် မရှိပါဘူးနော်။ ကျွန်တော်တို့ ရပ်ကွက်မှာလည်း တဲအိမ်ကလေးသေးသေးလေးတွေပဲ များတာခင်ဗျာ့။ အမိုးမိုးတဲ့ဟာကလည်း သက်ငယ်ဆိုတော့ နေပူရင် ကြွပ်ရွနေတာပဲ။ ဒီထဲမှာ ဟိုနားတစ်လုံး ဒီနားတစ်လုံးနဲ့ ပျဉ်ကာ သွပ်မိုးအိမ်ဆိုလို့ ခြောက်လုံးပဲ ရှိတယ်။ ဒီခြောက်လုံးထဲမှာ ကျွန်တော့် အိမ် ပါပေမဲ့လို့ မကြီးလှပါဘူး၊ ခပ်သင့်သင့်ပါပဲ"

ကျွန်ုပ်သည် ဇာတ်သိမ်း၌ ဦးသောင်းရွှေ၏အိမ်ကို မီးကွင်း သွားလိမ့်မည်ဟု ကြိုတင်သိနှင့်ပြီးကြသော်လည်း စိတ်ဝင်စားနေကြ

mgyoe.com

ပါသည်။

ဦးသောင်းရွှေက ပြောမြဲ ဆက်ပြောသည်။

"တစ်ခုကောင်းတာက ဒီလို ဆင်းရဲသားရပ်ကွက်ဟာ အလိုလို နေရင်း ညီညွတ်တယ်ဗျ။ ကိုယ်လွတ်ရုန်းပြီး ကိုယ့်ပစ္စည်းကိုယ်မဆွဲဘူး။ မီးဟော့ဆိုတာနဲ့ မီးကို ဝါးစားတော့မတတ် အားနဲ့မာန်နဲ့ ဝိုင်းသတ်ကြတာ။ ဒါပေမဲ့ အဝင်အထွက်ကလည်း ခက်၊ ရေကလည်းမရှိတော့ ပထမ စလောင်တဲ့တဲကလေးကို နိုင်အောင် မသတ်နိုင်ကြဘဲ မီးတောက်လည်း ကြီးလာရော ဝုန်းခနဲ လေတစ်ချက်အပင့်လိုက်မှာ မီးတောက်ကြီး လွင့်ထွက်လာပြီး တဲသုံးလုံးကို အသာကလေး ဝါးသွားတော့တာပါပဲ ခင်ဗျာ"

"တဲသုံးလုံးရဲ့ မီးတောက်အားဟာ ဘယ်သေးမလဲဗျာ"

တစ်ယောက်က ထင်မြင်ချက်ပေးခြင်း ဖြစ်ပေသည်။

"ဟုတ်ကဲ့ အခြေအနေ ဆိုးတော့တာပေါ့ ခင်ဗျာ၊ မီးတောက်နားကို လူ မကပ်နိုင်တော့ဘူး ခင်ဗျာ။ ဒါကြောင့် ရှေ့ကအိမ်တွေကြိုပြီး ဖျက်ချ၊ ဝေးသေးတဲ့ တဲတွေ ရေရွှဲနေအောင်လောင်းပြီး တားကြရတော့တာပေါ့။ ကျွန်တော်ကတော့ ကိုယ့်အိမ်ပတ်ပတ်လည်က တဲကလေးတွေ ကြည့်ပြီး အမြဲနိုးကြားနေတဲ့ လူဆိုတော့၊ အိမ်မှာ တတ်နိုင်သလောက် ရေတွေ အများကြီး လှောင်ထားတဲ့ လူဆိုတော့ လူအားရေအားနဲ့ စောင့်နေတာပေါ့။ ကျွန်တော်လည်း အိမ်မိုးပေါ်တက်ပြီး ရေဆွတ်ထားတဲ့ အဝတ်နဲ့ မီးကိုစောင့်ရင်း "ဝဋ္ဋသုတ်ပရိတ်တော်" ကို ရွတ်နေတာပေါ့ဗျာ"

ကျွန်ုပ်တို့အားလုံး ငြိမ်သက်စွာဖြင့် ဦးသောင်းရွှေကို စိတ်ဝင်စားစွာ ငေးကြည့်နေကြပါသည်။

ဦးသောင်းရွှေက ရေနွေးတစ်ကျိုက်ဖြင့် အာဆွတ်လိုက်ပြီး "မီးများ တယ်ကြောက်စရာ ကောင်းတာပဲဗျ။ အားကောင်း

mgyee.com

mgyoe.com

လာပြီဆိုတော့ တဲတွေဟာ ပြိုက်ခနဲ ပြိုက်ခနဲ ပျောက်သွားသဗျ။ အမိုးတွေ ဖျက်ချထားတာလည်း မရဘူး။ အတင်းဝါးသွားတာပဲ။ ကျွန်တော်ကတော့ ထင်တာပေါ့ဗျာ။ အမိုးတွေ ဖျက်ချထားတဲ့အတွက် မီးရှိန်ဟာ ကျွန်တော့်အိမ် မရောက်ခင် ညံ့သွားပြီး ငြိမ်းသွားမှာပဲပေါ့။ ဒါပေမဲ့ဗျို့ လေပုန်းတစ်ချက် ပင့်ဆောင့်လိုက်တာ ဧရာမ မီးလုံးကြီးတစ်လုံးဟာ တဲဆယ်လုံးလောက် ကျော်ပြီး ကျွန်တော့်အိမ်နား လာလောင်တော့တာပဲဗျို့"

အပြောလည်း မာန်ပါသဖြင့် ကျွန်ုပ်တို့ အသက်မှ ရှူမိပါလေစ။

"ကျွန်တော်တို့လည်း ပျာသွားတာပဲဗျို့။ ရေနဲ့ပက်ကြ၊ ရေစို အဝတ်နဲ့ ရိုက်ကြပေါ့။ ဒါပေမဲ့ ကြားခံ တဲဆယ်လုံးကိုပါ လှည့်ပြီး လောင်လိုက်တဲ့အခါမှာ မီးအားက သိပ်ကောင်းနေတာပေါ့။ အိမ်ကိုလည်း မီးလုံး မီးစွယ်တွေ ဟပ်နေပြီ။ သားတွေ သမီးတွေကလည်း ဆင်းခဲ့ပါ တော့ အော်ပြီး ပြောကြတယ်။ သူတို့က မရတော့ဘူး၊ အိမ် မီးထဲပါပြီ ထင်နေကြတာကိုး။ သို့သော်လည်း ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးနဲ့ လူတွေရဲ့ ဖွဲလုံ့လ ကောင်းမှုကြောင့် မီးငြိမ်းသွားတယ်ဗျာ၊ အံ့ရောပါပဲ"

ထိုအခါတွင်မှ ကျွန်ုပ်တို့အားလုံး သက်ပြင်းချလိုက်နိုင် ကြသည်။

"ခင်ဗျားအိမ်ကိုလည်း ကျော်ပြီး မလောင်ဘူးလား ဦးသောင်းရွှေ"

ဦးဘမောင်က မေးလိုက်ပါသည်။

"မလောင်ဘူးဗျ၊ ကျွန်တော့်အိမ် ခေါင်းရင်းက ပျဉ်ပြားတွေ ကျွမ်းသလောက်နီးနီး ဖြစ်သွားပြီး မီးဟာ သေသွားတာပဲ။ ဒီတော့ လူတွေက လက်ဖျားတခါခါနဲ့ပေါ့ဗျာ။ ဧရာမမီးလောင်ပြင်ကြီးရဲ့ အဆုံးမှာ ပျဉ်တွေ မီးဟပ်ခံရပြီး ကျန်နေခဲ့တဲ့ အိမ်ကြီးကြည့်ပြီး မီးကွင်း ဂမုန်းရင်လည်း ရှိရမယ်။ အဆောင်ကောင်းရင်လည်း ရှိရမယ် ကောက်ချက်ချကြတော့တာပါပဲ"

"ချစရာပဲကိုးဗျ"

mgyoe.com

"လာကော မစုံစမ်းကြဘူးလား"

"ဘယ်နေမလဲဗျာ၊ လာကြတာပေါ့။ ဘာအဆောင်ရှိသလဲ၊ ဘာသားနဲ့ ဆောက်ထားတဲ့အိမ်လဲ မေးတဲ့လူကလည်း မေးသဗျ။ ဘာမှ မရှိပါဘူး၊ 'ဝဋ္ဋသုတ်' တော့ ရွတ်ပါတယ်ပြောတာ သိပ်ပြီး သဘောမတွေ့ချင်ကြဘူးဗျ။ အင်း လူတွေကလည်း ကမ္ဘေ ကမ္ဘာက ရှိလာခဲ့တဲ့ ဝဋ္ဋသုတ်ကိုသာ အထင်မကြီးတာကိုးဗျ။ ကျွန်တော်သာ ငွေရှာချင်ရင် မီးဖိုထဲက ထင်းတွေယူပြီး အဲဒီအသားတွေကို ဘယ်သူက ပေးလိုက်တာပါ။ အဲဒါကို ဆောင်ထားလို့ မီးကွင်းတာပါပြောပြီး တစ်ပိဿာ ငါးမူးလောက် ပေးရတဲ့ ထင်းချောင်းတွေကို လက်သည်းခွံ လောက်ကလေးတွေစိတ်၊ ရေမွှေးထဲမှာ စိမ်၊ တစ်ခု ငါးကျပ်နဲ့ရောင်းမှ အထင်ကြီးကြ သဘောကျကြမှာဗျ"

"ဟုတ်တာပေါ့ဗျာ၊ အင်မတန် ဟုတ်တာပေါ့"

တစ်ဦးက အားရပါးရ ထောက်ခံပါသည်။

"ဖြစ်ရမှာပေါ့လေ၊ မြတ်စွာဘုရား နှုတ်မုက္ခပါဌ်တော်ဆိုတော့ ဒီပရိတ်တော်ကို ရွတ်ဖတ်တဲ့လူဟာ ကိုယ်နှုတ်နှလုံး သုံးပါးလုံး စင်ကြယ် ရမယ်ဆိုတာတို့၊ ပရိတ်တော်ကို ယုံကြည်ရမှာတို့၊ ပရိတ်တော်ရဲ့ အနက် အဓိပ္ပာယ်ကို နားလည်ရမှာတို့ ဆိုတာတွေ ရှိနေပေတာကိုး။ ဒီတော့ ဝန်လေးတယ်၊ အဲ တာဝန်ကြီးတယ်ပေါ့ဗျာ။ အဆောင်တွေ ဘာတွေ ကတော့ ဆောင်ထားရင် ပြီးတာပဲဆိုတဲ့ စိတ်နဲ့ လူပေါ်ကြော့ ရေသာခို သမားတွေပေါ့လေ"

ဦးဘမောင်ကလည်း ဝင်ရောက်ဆွေးနွေးရာ ဓမ္မသဝန တရားဝိုင်းကလေးမှာ ပို၍ စိုပြည်လာပါတော့သည်။

"ဒါကြောင့်လည်း စကားအစဉ် ရှိခဲ့တာပေါ့ခင်ဗျာ။ 'တရား စောင့်တဲ့လူကိုသာ တရားက စောင့်တယ်' ဆိုတာလိုပေါ့ ခင်ဗျာ။ မြတ်စွာဘုရားရဲ့အလိုကျ မယဉ်ကျေး မစောင့်ရှောက်ဘဲနဲ့တော့ မြတ်စွာ

mgyne.com

mgyoe.com

ဘုရားရဲ့ နှုတ်မုက္ခပါဌ်တော်တွေ ပရိတ်တွေက ပြန်ပြီး စောင့်ရှောက် လိမ့်မယ် မထင်ဘူးနော။ ဒီလိုမှ မဟုတ်ရင် ဒုစရိုက်သမားကလည်း ပရိတ်ကို အကာအကွယ်ယူပြီး မပြတ်ရွတ်နေမှာပေါ့"

ဦးသောင်းရွှေ၏ ပြန်လည် ဆွေးနွေးချက် ဖြစ်ပါသည်။ ဦးသောင်းရွှေကပင် ဆက်လက်၍

"တကယ်တော့ ဒီ ဝဋ္ဋသုတ်ပရိတ်တော်ဟာ မြတ်စွာဘုရား နုတော်မူစဉ်ကာလကတည်းက သစ္စာပြုပြီး မီးဘေးကလွတ်ခဲ့တဲ့ လက်တွေ့ ပရိတ်တော်ပဲဗျ။ ဒါကို မယုံချင် အထင်မကြီးချင်တော့လည်း မထိုက်လို့ မတန်လို့ လို့ပဲ ပြောကြရတော့မှာပေါ့ ခင်ဗျ။ အဲဒါကြောင့် ဒီပရိတ်တော်ဟာဖြင့် လူပြိန်းပြော ပြောရရင် ကျွန်တော်ရဲ့ ကိုယ်တွေ့ မီးကွင်းဂါထာပါပဲ ခင်ဗျာ"

မှန်ပါပေသည်။

ဤမဟာပရိတ်တော်ကား ကမ္ဘာချဉ်းအောင် တည်ရှိမည့် ကပ္ပဋ္ဌိတိ လေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သော ၁၆ မင်း ပယ်စာမျှ မီးမလောင်မြေကို ဖြစ်ပေါ်စေခဲ့သည့် ပရိတ်တော် ဖြစ်ပါပေသည်။

အဖြစ်အပျက်မှာလည်း ရိုးရိုးကလေးပင်။

တစ်ခုသော တောအုပ်တွင် ဘုရားလောင်း ငုံးမင်း၏ မိဘများ အသိုက်ဖွဲ့၍ နေထိုင်ကြ၏။ ဘုရားလောင်းမှာ အတောင်အလက် မရှိ သေးသဖြင့် ပျံသန်းနိုင်ခြင်း မရှိသေးချေ။

ထိုအချိန်တွင် ထိုတောအုပ်ကြီးကို မီးသင့်လောင်လေရာ တောကျေး၊ တောငှက်နှင့် တိရစ္ဆာန်အပေါင်းမှာ မီးလွတ်ရာသို့ ပြေးကြ လေသည်။ ဘုရားလောင်း ငုံးမင်း၏ မိဘနှစ်ပါးမှာလည်း သားသမီး၌ ချစ်ခြင်းမေတ္တာအဟုန် ပြင်းထန်ကြစေကာမူ မီးအပူကို မခံနိုင်။ မီးခိုးဒဏ်ကို မခံနိုင်ကြသောကြောင့် ပျံပြေးလိုက်၊ အသိုက်ရှိရာ ပျံလာလိုက်ဖြင့် နောက်ဆုံးတွင် အဝေးသို့ လွင့်ပျံသွားကြရရှာလေ၏။

mgyoe.com

mgyoe.com

ဤအခါ ဘုရားအလောင်း ငုံးမင်းငယ်မှာ အသိုက်တွင်း၌ ထီးတည်း ကျန်ခဲ့ရှာ၏။ ကမ္ဘာပျက်မျှ အော်ဟစ်ပြေးလွှားကြသံများ ဝေး၍ ဝေး၍ ပျောက်ကွယ်သွားပြီးနောက်တွင် တစ်တောလုံးကို သိမ်းကျုံးမျိုဝါးလာသော မီးတောက်မီးလျှံကြီး၏ အသံကို ကြားနေရပြီ။

သူ့မှာ ခြေရှိပါလျက် မပြေးနိုင်။ မကြာမီအတောအတွင်း တောမီး၏ ဝါးမျိုခြင်း ခံရတော့မည်။ အမေ့ရင်ခွင်ထဲ ပြေးဝင်လိုသော်လည်း အမေ ပြေးပြီ။ ငုံးကလေးတွင် အားကိုးအားထားပြုစရာ အကောင်အထည် ရုပ်ဒြပ်မရှိတော့ပြီ။ သို့သော် အကောင်အထည်ဒြပ် မရှိသော်လည်း ကြီးမားသော စွမ်းအားအာနုဘော်တစ်ခုကား ရှိပေသေး၏။ ယင်းကား သစ္စာတရားတည်း။

အလောင်းတော် ငုံးငယ် ပြုသော သစ္စာ၊ ဆိုသောစကားမှာ ကြီးကြီးကျယ်ကျယ် ခက်ခက်ခဲခဲ မဟုတ်ပါ။ ရိုးရိုးကလေးသာ ဖြစ်သည်။ မှန်သော သစ္စာတရားတို့မည်သည် ဖြူစင်ဖြောင့်တန်းမြဲ မဟုတ်ပါလား။

အလောင်းတော်ငုံးငယ်၏ သစ္စာစကားမှာ
"သီလတည်းဟူသော ကျေးဇူး
မှန်ကန်သော သစ္စာတရား
ဖြောင့်မတ် ဖြူစင်ခြင်း

ချစ်ခြင်းမေတ္တာနှင့် သနားခြင်း ကရုဏာတို့ရှိရာ ထိုသစ္စာစကားဖြင့် မိမိထက် မြတ်သောတရားမရှိသည့် သစ္စာပြုခြင်းကို ငါ ပြု၏။

တရားတော်၏အစွမ်းကို ဆင်ခြင်၍ ပွင့်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့ကို အောက်မေ့၍ သစ္စာစကား၏အစွမ်းကို အမှီပြု၍ ငါသည် သစ္စာပြုပါ၏။

mgyoe.com

mgyoe.com

ငါ့တွင် အတောင်ရှိသော်လည်း မပျံနိုင်။
ငါ့တွင် ခြေရှိသော်လည်း မသွားနိုင်။
ငါ့မိ ငါ့ဖတို့လည်း ငါ့ကို စွန့်ပစ်သွားကြပြီ။
ဤသို့ ငါ သစ္စာပြုသည်၊ အို တောမီး ဖဲကြဉ်လော့။"

ပရိတ်တော်တွင် ဂါထာပေါင်း ၆ ဂါထာပါရှိရာ ပထမဂါထာတွင် ပရိတ်တော်၏ အာနုဘော်ကို ဖော်ပြ၍ ဒုတိယဂါထာတွင် ပရိတ်တော် ရွတ်ဖတ်ရန် ဆော်ဩသည်။ ပရိတ်တော်၏ ဆဋ္ဌမဂါထာသည် အဖြစ်အပျက်ကို ဖော်ပြလေသည်။

သို့သော် ကြည်ညိုသဒ္ဓါတရား ထက်သန်ပွားများစေရန် ၆ ဂါထာစလုံး ရွတ်ဆိုလေ့ရှိကြသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

❑

## ဝဋ္ဋသုတ် ပရိတ်ပါဠိတော်

(က) ပူရေန္တံ ဗောဓိသမ္ဘာရေ၊
နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊
မဟာသတ္တံ ဝိဝဇ္ဇယိ။ ။

(ခ) ထေရဿ သာရိပုတ္တဿ၊
လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။ ။

(ဂ) အတ္ထိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျံ နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊

mgyoe.com

mgyoe.com

သစ္စကိရိယ မနုတ္တရံ။ ။

(၂) အာဝဇ္ဇေတွာ ဓမ္မဗလံ၊
သရိတွာ ပုဗ္ဗကေ ဇိနေ၊
သစ္စဗလ မဝဿာယ၊
သစ္စကိရိယ မကာသဟံ။ ။

(၃) သန္တိ ပက္ခာ အပတနာ၊
သန္တိပါဒါ အဝဉ္စနာ။
မာတာပိတာစ နိက္ခန္တာ၊
ဇာတဝေဒ ပဋိက္ကမ။ ။

(၄) သဟသစ္စေ ကတေ မယှံ၊
မဟာ ပဇ္ဇလိတော သိခီ၊
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊
ဥဒကံ ပတွာ ယထာသိခီ၊
သစ္စေန မေ သမော နတ္ထိ၊
ဧသော မေ သစ္စပါရမီ။ ။

အလောင်းတော် ငုံးမင်းမှာ သစ္စာတရားမှတစ်ပါး ကိုးကွယ်ရာ အားထားရာ မရှိတော့ပြီ။ ထို့ကြောင့် သစ္စာပြုသောခဏ၌ အဟုန်ပြင်းစွာ လောင်ကျွမ်းလျက် သစ်ပင် ဝါးပင် အစိုအခြောက်မရွေး၊ ရှိရှိသမျှ အပင်တွေကို ဝါးမျိုပြာချပစ်နေသော တောမီးကြီးသည် ကွင်း၍ ဝေး၍ ရှောင်ရှားသွားလေ၏။

ဘယ်ရွှေ့ဘယ်မျှ ကွင်းရှောင်သွားပါသနည်းဆိုသော် မီးကွင်းသွားသောနေရာ၏ ဧရိယာမှာ *၁၆ မင်း ပယ်စာ ရှိသည်။ ထိုနေရာသည် ကမ္ဘာတည်သရွေ့ တည်ရှိမည့်နေရာဖြစ်ပေတော့သည်။

---

* တစ်ပယ်လျှင် ၁.၇၅ ဧကနှင့် ညီမျှသည်။

mgyoe.com

mgyoe.com

ယခု ထိုပရိတ်တော်ကြီး၏ အနက်အဓိပ္ပာယ်ကို ဆက်လက်ဖော်ပြပါမည်။ သို့သော် မီးကွင်းဂါထာမဟုတ်ပါ။ ဝဋ္ဋသုတ်ပရိတ်တော်သာ ဖြစ်ပါသည်။ ရတနာသုံးပါး၌ ယုံကြည်အားထား လဲလျောင်း၍ ယုံကြည်လေးမြတ်စွာ ရွတ်ဖတ် သရဇ္ဈာယ်နိုင်ကြပါသည်။

❑

mgyoe.com

mgyoe.com

## ဝဋ္ဋသုတ်ပရိတ် ပါဠိတော် မြန်မာပြန်

(က) ဗောဓိသမ္ဘာရေ = သဗ္ဗညုတဉာဏ်၏ အဆောက်အအုံဖြစ်သော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို။

| | |
|---|---|
| ပူရေတွာ | = ဖြည့်တော်မူသော |
| ဝဋ္ဋဇာတိယံ | = ငုံး၏အမျိုး၌။ |
| နိဗ္ဗတ္တံ | = ဖြစ်တော်မူသော။ |
| မဟာသတ္တံ | = ဘုရားအလောင်း ငုံးသူငယ်ကို။ |
| ယဿ ပရိတ္တဿ | = အကြင်ဝဋ္ဋသုတ် ပရိတ်တော်၏။ |
| တေဇေန | = တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ |
| ဒါဝဂ္ဂိ | = တောမီးသည်။ |
| ဝိဝဇ္ဇယိ | = ဖဲကြဉ်လေ၏။ |

(ခ)

| | |
|---|---|
| သာရိပုတ္တဿ | = သာရိပုတ္တရာအမည်ရှိသော။ |
| ထေရဿ | = လက်ယာတော်ရံ မဟာထေရ်အရှင်မြတ်ကြီးအား။ |

mgyoe.com

mgyoe.com

လောကနာထေန = မြတ်စွာဘုရားသည်။
ဘာသိတံ = ဟောတော်မူအပ်သော။
ကပ္ပဋ္ဌာယိံ = တစ်ကမ္ဘာပတ်လုံးတည်ထသော။
မဟာတေဇံ = ကြီးသော အာနုဘော်ရှိထသော။
တံ ပရိတ္တံ = ထိုဝဋ္ဋသုတ်ပရိတ်တော်ကို။
ဟေ = အို သူတော်ကောင်းတို့။
မယံ = ငါတို့သည်။
ဘဏာမ = ရွတ်ဖတ်ကြကုန်အံ့။
(၁) လောကေ = လောက၌။
သီလဂုဏော = သီလတည်းဟူသော ကျေးဇူးသည်
လည်းကောင်း။
သစ္စံ = သစ္စာတရားသည်လည်းကောင်း။
သောစေယျံ = ဖြူစင်သောအဖြစ်သည်လည်းကောင်း။
အနုဒ္ဒယာ = ချစ်ခြင်းမေတ္တာ၊ သနားခြင်းကရုဏာ
သည်လည်းကောင်း။
အတ္ထိ = ရှိ၏။
တေန သစ္စေန = ထိုသစ္စာစကားဖြင့်။
အနုတ္တရံ = မိမိထက်မြတ်သော တရားမရှိသော။
သစ္စကိရိယံ = သစ္စာပြုခြင်းကို။
အဟံ = ငါသည်။
ကာဟာမိ = ပြု၏။
(၂) ဓမ္မဗလံ = တရားတော်၏အစွမ်းကို။
အာဝဇ္ဇေတွာ = ဆင်ခြင်၍
ပုဗ္ဗကေ = ရှေး၌ဖြစ်တော်မူကုန်ပြီးသော။
ဇိနေ = မြတ်စွာဘုရားတို့ကို။

mgyoe.com

| | | |
|---|---|---|
| | သရိတွာ | = အောက်မေ့၍။ |
| | သစ္စဗလံ | = သစ္စာစကား၏အစွမ်းကို |
| | အဝဿယ | = အမှီပြု၍။ |
| | သစ္စကိရိယံ | = သစ္စာပြုခြင်းကို။ |
| | အဟံ | = ငါသည်။ |
| | အာကာသိ | = ပြုပြီ။ |
| (၃) | မေ | = ငါ့အား။ |
| | ပက္ခာ | = အတောင်တို့သည်။ |
| | သန္တိ | = ရှိကုန်၏။ |
| | အပတနာ | = မပျံနိုင်ကုန်။ |
| | မေ | = ငါ့အား။ |
| | ပါဒါ | = ခြေတို့သည်။ |
| | သန္တိ | = ရှိကုန်၏။ |
| | အဝဉ္စနာ | = မသွားနိုင်ကုန်။ |
| | မာတာပိတာ စ | = ငါ့မိငါ့ဖတို့သည်လည်း။ |
| | နိက္ခန္တာ | = ငါ့ကို စွန့်လျက်ပျံထွက်ခဲ့ကုန်ပြီ။ |
| | ဇာတဝေဒ | = တောမီး။ |
| | ပဋိက္ကမ | = ဖဲကြဉ်လေလော့။ |
| | ဣတိ | = ဤသို့။ |
| | သစ္စကိရိယံ | = သစ္စာပြုခြင်းကို။ |
| | အဟံ | = ငါသည်။ |
| | အကာသိ | = ပြုပြီ။ |
| (၄) | မယှံ | = ငါ၏။ |
| | သစ္စေ | = သစ္စာကို။ |
| | ကတေ | = ပြုအပ်သည်ရှိသော်။ |

mgyoe.com

mgyoe.com

သဟ = ပြုသည်နှင့်တစ်ပြိုင်နက်။
မဟာပဇ္ဇလိတော = ကြီးမားသောအလျှံရှိသော။
သိခိ = တောမီးသည်။
သောဋ္ဌသ ကရီသာနိ= တစ်ဆယ့်ခြောက်မင်းပယ်စာသို့ တိုင်တိုင်
ဝဇ္ဇေသိ = ဖဲကြဉ်လေပြီ။
သိခိ = မီးသည်။
ဥဒကံ = ရေသို့။
ပတွာ = ရောက်၍။
နိဗ္ဗာယတိ ယထာ = ငြိမ်းသကဲ့သို့။
တထာ = ထို့အတူ။
နိဗ္ဗာယိ = ငြိမ်းလေ၏။
မေ = ငါ၏။
သစ္စေန = သစ္စာနှင့်။
သမော = တူသောတရားသည်။
နတ္ထိ = မရှိ။
ဧသော = ဤသည်ကား။
မေ = ငါ၏။
သစ္စပါရမီ = သစ္စာပါရမီတည်း။

မြတ်စွာဘုရား၏ သာသနာတော်၌ သဒ္ဓါကြည်လင် သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်အပေါင်းသည် ဤဝဋ္ဋသုတ်ကို စံထားကာ သူတော်ကောင်း သူမြတ်လောင်းတို့သည် သစ္စာတရားကို အားထားလေ့ရှိကြပေသည်။ သစ္စာတရား၏ အာနုဘော်ကို အမွှမ်းတင် ပြောဆိုလေ့ရှိကြပေသည်။

❑

mgyoe.com

mgyoe.com

# ငါးရံ့မင်းပရိတ်   အာနုဘော်

## (ပြန်လည်  တင်ပြချက်)

ဤငါးရံ့မင်းပရိတ်တော်အကြောင်းကို ဦးဆောင်ဆွေးနွေးသူမှာ ကျွန်ုပ်တို့၏ ဓမ္မမိတ်ဆွေကြီး ဦးသောင်းရွှေပင် ဖြစ်ပါသည်။ ဦးသောင်းရွှေ၏ ကိုယ်တွေ့ပြောပြချက်များကို ကျွန်ုပ်က တစ်ဆင့် ပြန်လည်ရေးသားတင်ပြလိုက်ရပေသည်။

မြန်မာနိုင်ငံ ထက်အောက် အလယ်ဒေသများ၌ မိုးရွာမြဲကာလတိုင်၌ မိုးမရွာလျှင် လွန်ဆွဲလေ့ရှိပါသည်။ အထူးသဖြင့် မြေလတ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းဒေသတွင် နှစ်စဉ်နှစ်တိုင်းလိုလို လွန်ဆွဲကြလေ့ရှိ၏။

(လွန်ပွဲ၏ ရင်းမြစ်မူလကို မိမိတို့ဘာသာ ရှာဖွေလေ့လာကြပါကုန်။)

ဤကဲ့သို့ လွန်ဆွဲပွဲ ကျင်းပရသည့် အခြေအနေအထိ မိုးခေါင်ခဲ့သော် တစ်ပါတည်း ပူးတွဲကျင်းပလေ့ရှိသော အခမ်းအနားမှာ ငါးရံ့မင်း

mgyoe.com

လှည့်လည် ပူဇော်ခြင်းနှင့် ငါးရံ့မင်းပရိတ် ရွတ်ဖတ်ခြင်း ဖြစ်ပေ၏။

ရှေးအခါကမူ စနေဆန်းသောနှစ်၊ စနေဆန်းသော လများတွင် မိုးကိန်းကြဲသည်ဆိုကာ ငုံးမင်းလှည့်လည်ပူဇော်ပွဲ ကျင်းပပြီး ငုံးမင်း ပရိတ်တော်ကို ရွတ်ဖတ်ပွားများလေ့ရှိကြသည့်အတွက် ဓမ္မာရုံ ဝတ် ကျောင်းများနှင့် ဘုရားပုထိုးများတွင် ရွှေချထားသည့် ကြီးမားသော ငါးရံ့ရုပ်တု၊ ငုံးရုပ်တုများကို အရန်သင့် ထားလေ့ရှိကြပေသည်။

ယခု ငါးရံ့မင်း လှည့်လည်ပူဇော်ပုံကို တင်ပြပါမည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရန်သင့် ထားရှိသော ငါးရံ့မင်းရုပ်တုကို ပြာသာဒ်ငယ်ဖြင့် တင်ဆောင်ကာ ထီး၊ တံခွန်၊ ကြက်လျှာ၊ ပန်းနှင့် ဆန်ပန်း ပေါက်ပေါက်များဖြင့် ကြဲမြှောက်ပူဇော်ပြီး မြို့ရွာတွင်း လှည့်လည် ပူဇော်ခဲ့သည်။ ထို့နောက်တွင် ကြိုတင်ဆောက် လုပ်ထားသော မဏ္ဍပ်သို့ ပင့်ဆောင်လာကာ အသင့် စီမံထားသော ရေကန်တွင် ချထားကြလေသည်။

အသင့် စီမံထားသော ရေကန်တွင် ရေအပြည့်ရှိရ၏။ ရေကန် ပေါ်တွင် ငါးရံ့ရုပ်တုကို တင်ထားရန် တန်းများခံထား၏။ ဝါးဖြစ်စေ၊ သစ်သားဖြစ်စေ ပြုလုပ်ထားသော တန်းပေါ်သို့ ငါးရံ့ရုပ်တုကို တင်ထား ရာတွင် ရေစွတ်စိုခြင်း မရှိစေရ။

တစ်ဖန် အနေအထား သတ်မှတ်ချက် ရှိပါသေးသည်။

ငါးရံ့မင်း ပူဇော်သော မဏ္ဍပ်အနေအထားသည် တောင်ဘက်မှ တိုက်သောလေနှင့် အနေအထားသင့်လျှင် ငါးရံ့ဦးခေါင်းသည် တောင်သို့ လှည့်ရ၏။ အနောက်လေသင့်လျှင် ငါးရံ့ခေါင်းသည် အနောက်သို့ လှည့်ရ၏။ ထို့ပြင် ငါးဝမ်းဗိုက်နှင့် အောက်ခံရေသည် သိပ်ပြီး မကွာ စေရ။ မလွတ်တလွတ်ကလေး ထားရသည်။ သို့မှသာ မိုးသက်လေ ကျလာချိန်တွင် ငါးရုပ်၏ ဝမ်းဗိုက်ကို ရေစိုကာ မိုးရွာချသည်ဟု ဆိုထုံး ပြုကြ၏။

mgyoe.com

ဆိုခဲ့သည့်အတိုင်း မြို့ထဲရွာထဲသို့ အတီးအမှုတ် အက အခုန်များဖြင့် လှည့်လည်သော ငါးရံ့မင်းကို မြတ်စွာဘုရား နုစဉ်ကာလဟု အသိအမှတ်ပြုကာ မြတ်စွာဘုရားအား ရည်မှတ်၍ ဆွမ်းဆန်စိမ်း၊ ပန်း၊ မုန့်၊ ဖယောင်းတိုင်နှင့် သစ်သီးစသည်များ လောင်းလှူကြ၏။ သို့သော် သက်သတ်လွတ်ဖြစ်ရသည်။

ငါးရံ့မင်း မဏ္ဍပ်ထဲတွင် စီမံထားသော ရေကန်တွင် နေရာချထားပေးပြီးနောက် တရားပွဲကြီးများ ခြိမ့်ခြိမ့်သဲ ကျင်းပကြသည်။ သံဃာတော် အရှင်မြတ်များက တရားဟောတော်မူကြသည်။ ငါးရံ့မင်း ပရိတ်အပါအဝင် ပရိတ်တော်များကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည်။ ဝတ်အသင်း အဖွဲ့များကလည်း တစ်ညလျှင် တစ်ဖွဲ့ကျ ပရိတ်တော်များကို ရွတ်ဖတ်ပြီးနောက် ငါးရံ့မင်းပရိတ်ကို မိုးအလင်း ရွတ်ကြသည်။

ဤသို့ ပြင်းပြသော လုံ့လဥဿာဟဖြင့် ရွတ်ဖတ်ပါလျက် မိုးရိပ်မိုးဆင် မမြင်ရသေးလျှင် သီလ၊ သမာဓိ စင်ကြယ်သော ထေရ်ကြီးဝါကြီးများ ကြွလာကာ ငါးရံ့မင်း ပရိတ်တော်ကို သစ္စာ အဓိဋ္ဌာန်ပြုကာ ရွတ်ဖတ်တော်မူကြသည်။ ထိုအခါ မိုးရွာသည်ကို ကြုံတွေ့ရဖူးကြောင်း ဦးသောင်းရွှေက ပြောပြလေသည်။

ဤငါးရံ့မင်း ပရိတ်ကား မည်သို့နည်း။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် နွေကာလသို့ ရောက်ခဲ့သည်။ ကျောင်းတော်ရှေ့တွင် ကြီးမားသော ရေကန်ကြီးရှိရာ ရေများ နည်းပါးလာသည်။ ထိုနှစ်တွင် မိုးသည် ရွာသွန်းမြဲ အချိန်ရောက်သည့်တိုင်အောင် မရွာသွန်းဘဲ ရှိနေသောအခါ ရေကန်ကြီးထဲတွင် ရေခန်းကာ ကန်ထဲရှိ ငါး၊ လိပ် အစရှိသော သတ္တဝါများ အတိဒုက္ခ ရောက်ကြလေ၏။

ဤသည်ကို မြင်တော်မူသော မြတ်စွာဘုရားသည် ညီတော်

mgyoe.com

အာနန္ဒာကို ခေါ်တော်မူ၍ ရေကန်၌ ရေသုံးသပ်တော်မူမည့်အကြောင်း မိန့်တော်မူ၏။ မြတ်စွာဘုရားနှင့် အနေဝေး၍ အတွေ့အကြုံမရှိသော ရဟန်းတို့မှာမူ ကန်တွင် ရေမရှိဘဲ ရေသုံးသပ်လိုသော မြတ်စွာဘုရား၏ ပြုမူပုံကို နားမလည်ကြပေ။

အရှင် အာနန္ဒာမှာမူ မြတ်စွာဘုရားသည် တစ်စုံတစ်ရာ အကြောင်းရှိသောကြောင့်သာ ယင်းသို့ မိန့်တော်မူခြင်း ဖြစ်ပေမည်ဟု နားလည်စွာဖြင့် ရေသနုပ်တော်ကို ဆက်ကပ်၏။

မြတ်စွာဘုရားသည် ရေသနုပ် လဲပြီးနောက် တိမ်တစ်မျှင် မရစ်သိုင်းသော ကောင်းကင်ကို ကြည့်ကာ သစ္စာအဓိဋ္ဌာန်ပြုတော်မူသောအခါ မိုးသားတိမ်လိပ်များ ရုတ်ခြည်းတက်လာပြီး ကြီးစွာသော မိုးကြီး ရွာချလေရာ စောစောက နားမလည်ခဲ့သော ရဟန်းများမှာ ရင်သပ်ရှုမော အံ့သြ၍မဆုံး ရှိကြလေ၏။

မြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော်ကို ချီးကျူး၍ မပြီးနိုင် ရှိကြသဖြင့် အရှင်အာနန္ဒာ လျှောက်ထား၍ ငါးရံ့မင်း ပရိတ်တော်ကို ဟောတော်မူပေသည်။

ယင်းသို့ ဟောကြားတော်မူရာ၌ ဖြစ်ခဲ့ပြီးလေသော ရှေးဘဝကို ဖော်ပြ၍ ဟောကြားတော်မူခြင်း ဖြစ်သည်။

အတိတ်ကာလ၌ ကျွန်ုပ်တို့ မြတ်စွာဘုရားသည် ကြီးမားသော ရေအိုင်ကြီးအတွင်း၌ မှီတင်းနေထိုင်သော ငါးမျိုး ဖြစ်ခဲ့လေ၏။

တစ်ခုသော နွေကာလတွင် ရေအိုင်ကြီး ခန်းခြောက်လာလေရာ ကျီး၊ လင်းတ၊ စွန်၊ ဗျိုင်း၊ သိန်းငှက်တို့သည် အခြားတစ်ပါးသို့ မသွားတော့ဘဲ အိုင်ကြီးအတွင်းရှိ ရေသတ္တဝါများကို ဖမ်းယူစားသောက်ကြလေ၏။

ငါတို့ ဘုရားလောင်း ငါးရံ့မင်းသည် ရွံ့ညွန်အတွင်း ခိုအောင်းနေထိုင်ရင်း မိမိအမျိုးများ သေကျေပျက်စီးရသည့် အဖြစ်ကို မြင်ရ

mgyoe.com

သောအခါ ကြီးစွာသော နှလုံးစိတ်ဝမ်း မချမ်းမသာခြင်း ဖြစ်ရလေ၏။

မိမိတို့ ငါးရံ့များ အသက်ရှင်ရာသည် ရေဖြစ်၏။ မိမိတို့ အားထားရာသည် ရေဖြစ်၏။ မိမိတို့ ကြီးပွားရာသည် ရေဖြစ်၏။ ယခု ရေမရှိ၍ သူတစ်ပါး နှိပ်စက်ခံရပြီ။ သေကျေပျက်စီးကြပြီ။ ရေမှတစ်ပါး အခြားသော ကိုးကွယ်ရာသည် မရှိပြီလော။

သစ္စာတရားသည်သာ နောက်ဆုံး ကိုးကွယ်ရာ ဖြစ်ချေပြီ။ ထို့ကြောင့် အလောင်းတော် ငါးရံ့မင်းသည်

"ငါသည် သိတတ်သည့် အရွယ်မှစ၍ သူတစ်ပါး၏ အသက်ကို မသတ်ဖြတ် မစားသောက်ပါ။ သူတစ်ပါးကို မညှဉ်းဆဲ မနှိပ်စက်ပါ၊ ဤသစ္စာစကားကြောင့် မိုးရွာပါလော့၊ မိုးရွာစေသတည်း"

စသော သစ္စာစကား ဆိုမြွက်သည့်ခဏ၌ ပြင်းထန်သော မိုးကြီး သည်းထန်စွာ ရွာချလေတော့သည်။

ဤသည်ကို ထောက်ရှု၍ သစ္စာတရား မှန်သော စကားကို ဆိုခြင်းသည် ကြီးမားသော အာနုဘော်ကို ဆောင်ကြောင်း ထင်ရှားပေ၏။ မြတ်သော သူတော်ကောင်း သူမြတ်လောင်း၊ ကိုယ်နှုတ် နှလုံး စင်ကြယ်သော သူတော်ကောင်း သူမြတ်လောင်းတို့၏ မြတ်သော ဥစ္စာသည် သစ္စာပါရမီ ဖြစ်ပေကြောင်း။

❑

## ငါးရံ့မင်း ပရိတ်ပါဠိတော်

(က) ပူရေဓ္တ ဗောဓိသမ္ဘာရေ၊
နိဗ္ဗတ္တံ မစ္ဆယောနိယံ။
ဉာတိနံ ဒုက္ခိတံ ဒိသွာ၊
မဟာဒေဝံ ဝဿာပေသိ။ ။

mgyoe.com

mgyoe.com

(ခ) အာနန္ဒသ ယသဿိနော၊
လောကနာထေန ဘာသိတံ၊
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။
(၁) ပုန္နာပရံ ယဒါ ဟောမိ၊
မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယသန္တာပေ၊
သရေ ဥဒကံ ခီယေထ။ ။
(၂) တတော ကာကာစ ဂိဇ္ဈာစ၊
ဗကာ ကုလလ သေနကာ၊
ဘက္ခယန္တိ ဒိဝါရတ္တိံ၊
မစ္ဆေ ဥပနိသီဒိယ။ ။
(၃) ဧဝံ စိန္တေ သဟံ တတ္ထ၊
သဟ ဉာတီဟိ ပီဠိတော။
ကေန နုခေါ ဥပါယေန၊
ဉာတိံ ဒုက္ခာ ပမောစယေ။ ။
(၄) ဝိစိန္တယိတွာ ဓမ္မတ္ထံ၊
သစ္စံ မဒ္ဒသာ ပဿယံ။
သစ္စေ ဌတွာ ပမောစေဿံ၊
ဉာတီနံ တံ အတိက္ခယံ။ ။
(၅) အနုဿရိတွာ သဒ္ဓမ္မံ၊
ပရမတ္ထံ ဝိစိန္တယံ။
အကာသိ သစ္စကိရိယံ၊
ယံ လောကေ ဓုဝသဿတံ။ ။
(၆) ယတော သရာမိ အတ္တာနံ၊

mgyoe.com

mgyoe.com

ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိ ဇာနာမိ သဉ္စိစ္စ၊
ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ၊
ဟောတု သောတ္ထိ ဂဗ္ဘဿ။ ။

(၇) ဧတေန သစ္စဝဇ္ဇေန၊
ပဇ္ဇုန္နော အဘိဝဿတု။
အဘိတ္ထနယ ပဇ္ဇုန္န၊
နိဓိံ ကာကဿ နာသယ။

(၈) ကာကံ သောကာယ ရန္ဓေဟိ၊
မဏ္ဍူကံ သောကာ ပမောစယ။
သဟ ကတေ သစ္စဝရေ၊
ပဇ္ဇုန္နော အဘိဂဇ္ဇိယ။ ။

(၉) ထလံ နိန္နဉ္စ ပူရေန္တော၊
ခဏေန အဘိဝဿထ။
ဧဝံရူပံ သစ္စဝရံ၊
ကတွာ ဝီရိယ မုတ္တမံ။

(၁၀) ဝဿာပေသိ မဟာမေဃံ၊
သစ္စတေဇ ဗလဿိတော။
သစ္စေန မေ သမော နတ္ထိ၊
ဧသော မေ သစ္စပါရမီ။ ။

❑

mgyoe.com

mgyoe.com

## ငါးရံ့မင်းပရိတ် ပါဠိတော် မြန်မာပြန်

(က) ဗောဓိသမ္ဘာရေ = ဘုရားဖြစ်ရန် ဗောဓိဉာဏ် ရင့်သန်ထောက်ကူ အဆောက်အဦတို့ကို။

ပူရေန္တော် ပူရေန္တဿ = တစ်ဆင့် တစ်ဆင့် မြင့်ထက်မြင့်အောင် အသင့်ဆောင်ပင့် ဉာဏ်ရောင်ပွင့်၍ ဖြည့်ကျင့်တော်မူစဉ်။

မစ္ဆယောနိယံ = ရေတွင်ပွားတိုး ငါး၏အမျိုး၌။

နိဗ္ဗတ္တံ နိဗ္ဗတ္တော = တိမ်သော်မဖြစ် ယိမ်းရော်နစ်၍ ဖြစ်တော်မူရသော။

ဗောဓိသတ္တော = လောင်းတော်ဗောဓိသတ် ငါးမင်းမြတ်သည်။

ဉာတိနံ = အိုင်တွင်းပွားစီး ဝေးအနီး၌ ပျော်မွီး ကိန်းအောင်း ဆွေတော်ပေါင်းတို့၏။

ဒုက္ခိတံ = ထိုးဆိတ်ချီဆွဲ ကျီးစွန်ရဲတို့၏ မစဲဟိန်းဟောက် ဆင်းရဲရောက်သည်ကို။

ဒိသွာ = ကိုယ်တိုင်ဒိဋ္ဌ မြင်တွေ့ရသည်ဖြစ်၍။

မဟာဒေဝံ = ဒုက္ခငြိမ်းရန် အိုင်လုံးလျှံမျှ ခြိမ့်ညံမြည်ဟီး သည်းထန်သော မိုးကြီးကို။

mgyoe.com

mgyoe.com

ဝဿာပေတိ = သစ္စာမိန့်ခွန်း လှစ်ကာညွှန်း၍ ရွာသွန်းတော်မူ စေပြီ။

(ခ) ယသသိနော = ခြံရံသင်းပင်း ကျော်စောခြင်း ရှိတော်မူသော။

အာနုဘော = တေဒဂ် ငါးတန် ရာထူးခံသော အာနုန်မည်လတ် ညီတော်မြတ်အား။

လောကနာထေန= လူသုံးပါးတို့၏ ကိုးစားရာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။

ဘာသိတံ = ရှေးအတိတ်ဟောင်းဖြစ်ဖူးကြောင်းကို ပြန်ပြောင်း ထုပ္ပတ် ဟောကြားတော်မူအပ်သော။

ကပ္ပဋ္ဌာယိံ = ကမ္ဘာကုန်ဆုံး ပြိုပျက်ပြုန်းအောင် ကပ်လုံးမြဲရှည် မပျက်တည်သော။

မဟာတေဇံ = ထက်မြက်တေဇော် အာနုဘော်နှင့် ချီးငေါ်မပြီး ကြီးသော တန်ခိုးလည်းရှိသော။

တံပရိတ္တံ = ထိုသို့ဆိုပြီး အသီးသီးဖြင့် အံ့ချီးမကုန် ကျိုးဂုဏ် မဆိတ် ဖြိုးစုံ ဖိတ်သော ငါးရံ့မင်းပရိတ်တော်ကို။

ဟေ = စည်းဝေးရောက်လာ များစွာစုပေါင်း သူတော် ကောင်းတို့။

မယံ = သာသနာတွင်း အလင်းကြဲမှူ ယောဂီစုတို့သည်။

ဘဏာမ = ကရိဏ်းဌာန်ကျ ဗျဥ္ဇနဖြင့် ပြသလုံခြုံ ရွတ်ကြ ကုန်အံ့။

(ဂ) ပုန = တစ်ဖန်။

အပရံ = တစ်ပါးတုံ။

ယဒါ ယသ္မိံကာလေ = ကမ္ဘာကာလရှည်စွာ မြင့်ကြာအကြင်အခါ၌။

မဟာသရေ = တောနှင့် တောင်စဉ် မပြတ်ယှဉ်၍ မြူလွင်ရစ်ဆီး ရေအိုင်ကြီး၌။

mgyoe.com

အပဟံ = သင်တို့ဆရာ လူသုံးဖြာတို့၏ ပူဇာညွှတ်တွား
ငါ ဘုရားသည်။

မစ္ဆရာဇာ = ရေဥ္ဆပေါက်ဖွား ငါးအများတို့၏ ကိုးစားခိုမှီ
ကြည်ညိုဝပ်စင်း ငါးရံ့မင်းသည်။

ဟောမိ = ပါရမီဖြည့်ညောင်း ကံရှေးဟောင်းကြောင့်
တိမ်းစောင်းကျွံနစ် ဖြစ်တော်မူရလေ၏။

တဒါ တသ္မိံကာလေ = ထိုခိုက်ကြိမ်လာ အတာကျယ်ပြော အိုင်
တစ်ကြောဝယ် ရှင်မောကြုံခေတ် ငါးမင်းဖြစ်
တော်မူသောအခါ၌။

ဥဏှေ = ဂိမှရာသီ ပြောင်းချီအကြွ နွေကာလ၌။

သူရိယသန္တာပေ = နဘံဆူလှိုက် သံပူရိုက်မျှ လောင်မြိုက်ထန်ပြင်း
နေပူခြင်းကြောင့်။

သရေ = မဟာဂမ္ဘီ ရန်မမှီသည့် နဒီနီးနီး ရေအိုင်ကြီး၌။

ဥဒကံ = ပြည့်လျှံ လွှမ်းမိ ကမ်းအရှိမျှ များသိကြည်လင်
ရေအပြင်သည်။

ခီယေထ = ကမ္ဘာမီးကျောက် မြစ်ကြီးပျောက်သို့ ထက်အောက်
ကမ်းခြေ ကုန်ခန်းလေ၏။

(၂) တတော တသ္မာကာရဏာ = ထိုအကြောင်းရင်း ရေခန်းခြင်းကြောင့်။

ကာကာ စ = ရွာနေတောအောင်း ကျီးအပေါင်းတို့သည်
လည်းကောင်း။

ဂိဇ္ဈာ စ = တောနေတောအောင်း လင်းတအပေါင်းတို့သည်
လည်းကောင်း။

ဗကာ စ = အိုင်ခြေကမ်းစောင်း ဗျိုင်းအပေါင်းတို့သည်
လည်းကောင်း။

ကုလလ သေနကာ စ = ကောင်းကင်ပျံဝဲ သိမ်း စွန်ရဲတို့သည်

mgyoe.com

mgyoe.com

လည်းကောင်း။

ဒိဝါရတ္တိံ = နေ့ညမစဲ တသဲသဲသာလျှင်။

ဥပနိသီဒိယ = ကမ်းထိပ်တောချုံ သောသောအုံမျှ ဝိုင်းအုံမာန်စွဲ မပျံ့ဘဲဖြင့် အမြဲမှီကပ် စောင့်နေလတ်၍။

မစ္ဆေ = တွင်းနေ လိုဏ်အောင်း ငါးအပေါင်းတို့ကို။

ဘက္ခယန္တိ = ကောက်ယူဆိတ်ဆွ စားသောက်ကြလေကုန်၏။

(၃) တတော = ထိုသို့ ခိုရာမဲ့ရှား ဘေးရန်များကြောင့်။

တတ္ထ = ထိုသက်သာမရ သောကထောင်စွဲ ရေအိုင်ထဲ၌။

ဉာတိဟိ = မရှင်နွမ်းလျှာ ဆွေညာ သိန်းသောင်းငါးအပေါင်းတို့နှင့်။

သဟ = တကွမသွေ အတူရှိနေ၍။

ပီဠိတော = ဝဲယာဝန်းယှက် ရန်သူလက်၌ အနှိပ်စက်ခံရသော။

အဟံ = သင်တို့ဆရာ ရာဇာထိပ်နင်း ငါ ငါးရံ့မင်းသည်။

ကေန ဥပါယေန = ဘေးရန်ငြိမ်းအေး ကင်းဝေးစေကြောင်း ဘယ်နည်းကောင်းဖြင့်။

ဉာတိံ = သောက နှောင်တွင်း ထောင်အကျဉ်း၌ ပူပြင်းခိုအောင်း ဆွေတော်ပေါင်းကို။

ဒုက္ခာ = ငှက်တို့ညှဉ်းပန်း ဘေးရန်လွန်မင်း ဆင်းရဲခြင်းမှ။

ပမောစေယျံ နုခေါ = စင်ကွာ ကင်းကျွတ် လွတ်စေရပါအံ့နည်း။

ဇဝံ = ဤသို့။

(၄) ဝိစိန္တယိတွာ = ထိုဤ စူးစမ်းအခန်းခန်းဖြင့် မျှော်မှန်းဖြန့်တီး ကြံတော်မူပြီး၍။

ဓမ္မတ္တံ = ကောင်းကျိုးဆောင်လတ် ဂုဏ်သကတ်ဖြင့် ထွတ်မြတ်သော သဘောရှိသော။

အဝသယံ = မှီတွယ်ပုန်းလျှိုး ဂုဏ်တန်ခိုးကြောင့် ခိုကိုးရာ လည်းဖြစ်သော။

mgyoe.com